

# သျှင်စ

နှလုံးသားမိတ္တူ

# အခန်း (၁)

"ဟယ် … ဟိုမှာ …"

"ဘာလဲ … အမလေး … သေပါပြီ"

အရှိန်မှန်ပြေးနေသည့် ကားကို တုံ့ခနဲ ရပ်ပစ်လိုက်သဖြင့် ကားပေါ်မှာ ရှိသမျှလူတွေ ယိမ်း ယိုင် ရွေ့လျားကုန်ကြ၏။

"ကံကောင်းလို့ နှာခေါင်းမကျိုးတာ"

"ငါလည်း ခေါင်းကွဲပြီကို မှတ်တာ … ဖုသွားပြီထင်တယ်"

နောက်က ညည်းတွားသံတွေကို ဂရုမစိုက်နိုင်ဘဲ ကားကို နောက်ကြောင်းပြန်ခေါက်ဖို့ ကြိုးစားရင်း မိန့်မျက်လုံးတွေသာမက ခေါင်းတစ်ခုလုံး ချာလပတ်ယမ်းနေတော့သည် ။

"ဘာဖြစ်တာလဲ၊ နောက်မှာ ဘာပြုတ်ကျကျန်ခဲ့လို့ လဲ"

"အကြောင်းလေး ဘာလေးကြားပါလား မိန့်ရယ် … ဘာဖြစ်သွားတာလဲ အသည်းအသန်"

ဘယ်သူမေးမေး မိန့် တစ်ယောက်တည်း မဖြေအားဘဲ ဖြစ်နေ၏။

ကားကို ပြန်လှည့်မောင်းရင်း မြင်လိုက်သည့်ပုံရိပ်တစ်ခုကို အမောတကော ရှာသည် ။

ပြေးလွှားလှုပ်ရှားရလွန်းသည့် မျက်လုံးတွေတောင် ကြာကြာဆို ပြုတ်ထွက်ကျသွားမလား မသိ ...။

"ဘယ်ရောက်သွားပါလိမ့်"

လို့ မချင့်မရဲ ပျောက်ရှသံလေးထွက်လာမှ နောက်မှာ ပွတ်သပ်ရှုံ့မဲ့ နေသည့် နှင်းဆီတို့ ခေါင်း ထောင် လာပြီး ဟိုရှာ ဒီရှာ ...၊

"ဘယ်သူလဲ ... နင် ဘာရှာတာလဲလို့ "

"တွေ့ရင် ပြမှာ ပေါ့"

သူကပဲ စိတ်မရှည်သံနဲ့ ဖြေကာ ထိုနေရာတစ်ဝိုက်မှာ နှစ်ပတ် သုံးပ တ်လောက် ပြေးလွှားဝေ့ဝဲ နေခဲ့၏။ ပြီးမှ ...

"တောက် ... ငါ သေချာတွေ့လိုက်တာ"

"ဘာလဲဆိုမှ ..."

"ကိုကိုနဲ့ ..."

"ဘာ ... ကိုကို ... ကိုခမ်း ဟုတ်လား၊ မဖြစ်နိုင်တာ မိန့်ရယ် ... ကို ခမ်းက စင်ကာပူကို ဟန်းနီးမွန်း ထွက်သွားပြီဥစ္စာ၊ ဒီလမ်းကို ဘယ်လို လုပ် ရောက်နေမှာ လဲ"

"ဟုတ်တယ် ... ဒါပေမဲ့ ငါတွေ့လိုက်တာက ..."

မိန့်က တစ်ယောက်တည်း ရေရွတ်ရင်း ဘာမှ ဆက်မပြောတော့ဘဲ ကားပြန်လှည့်ပြန်သည် ။

သူတို့ မှာ နာကျင်နေတာတွေကိုလည်း ဒေါသမဖြစ်နိုင်၊ ဘာလုပ် လုပ် သည်းထိတ်ရင်ဖိုတွေပဲ ဖြစ်တတ်လွန်းလို့ မိန့် လုပ်သမျှ နာခံရတာ တွေက သိပ်လည်း မဆန်းတော့ပါ။

သူတို့ ဘယ်လိုမေးမေး သေချာမဖြေခဲ့ဘဲ မိန့်သည် မျက်နှာလေးညို လျက် ဂျေဒိုးနပ်ဆိုင်ရှေ့ ထိ ကားရောက်လာမှ ...

"စားမယ်"

တုံးတိတိပြော၍ သူမပါ ဆင်းသည် ။ ထုံးစံအတိုင်း ဆိုင်ထဲရောက် တော့ အားလုံး အကြိုက် တွေကို သိသည့် နှင်းဆီကပဲ ဒိုးနပ်နဲ့ အအေး တွေ သွားယူသည် ။

မနိုင်တာကိုမှ ခင်ဒီပါက လိုက်သယ်ပေးလျက် ...

"မယ်မြတ်ရေ ... ကောင်စုတ် ... ဟိုမိန်းမကို လုပ်ပေးလိုက်ဦး"

"အေးပါ"

မြတ်မြတ်က နည်းနည်းလေး ဝသည် ။ မြန်မြန်ဆန်ဆန် ထရသွားရ မှာ မျိုးဆို သူ ဘယ်တော့ မှ မပါ။

ဘယ်လိုနေရာမျိုးမှာ ဖြစ်ဖြစ် ထိုင်ရာမထ ဗိုလ်ကျတတ်သည့် မိန့်အ တွက်ကျတော့ ဘယ်သူက မှ သာသည် နာသည် မထင်ဘဲ ထိုအထဲမှာ မြ တ်မြတ်က ဒိုင်ခံ ...။

ကက်ပူချီနိုကို သေချာထည့်မွှေနေရင်း မိန့်ရဲ့ မျက်နှာပေါ်က ရာသီဥ တုကို အကဲခတ်၍ ...

"ဒီ မှာ န ဖူး မှာ အာလူးသီးဖြစ်အောင် ခံလိုက်ရတဲ့ အကြောင်းလေး ပြောပြလို့ ရပြီလား ..."

စားပွဲပေါ် လက်တင်၍ ငေးနေဆဲ မိန့်ရဲ့ မျက်ဝန်းလေးတွေ နည်း နည်း လှုပ်ရှားလာ၏။ ပြီးတော့ အသင့်မွှေထားပြီးသည့် ကက်ပူချီနိုကို ယူသောက်ကာ ...

"မတွေ့လိုက်ရတော့ ပြောရင် နင်တို့ ယုံမှာ မဟုတ်ဘူး "

"ဘာမို့လို့ လဲ"

"ကိုကိုနဲ့ ချွတ်စွပ်တူတာ"

"ကိုခမ်းနဲ့ ..."

"အင်းပါဆို"

နှင်းဆီနဲ့ မြတ်မြတ် နားမလည်သလို မျက်စပစ်မိကြ၏။ ဒီပါက တော့ ထိတ်လန့်သွားသည့် မျက်လုံးတွေဖြစ်လျက် ...

"ကိုခမ်းနဲ့ တူတဲ့ လူတွေ့တယ် ဟုတ်လား၊ ဘယ်လောက်တူလို့ လဲ မိန့်ရယ် ..."

အံ့ဩတာတွေ မယုံတာတွေထက် ဒီပါ စိတ်ညစ်သွားခြင်းဖြစ်သည် ။ "ပညာမခမ်း" ဆိုသော ယောကျ်ားတစ်ယောက်အတွက် သေလောက်အောင် လူးလိမ့်ခံစားခဲ့ရလို့ သူတို့ တွေအားလုံး ဘယ်သူ မှ စိတ်မချမ်းသာခဲ့ရပေ ...။

တစ်ယောက် မျက်နှာညိုနေလျှင် တစ်ယောက်က ငိုချင်လာအောင် ဒီလေးယောက် သံယောဇဉ် ကြီးတာက တစ်ယောက်နဲ့ တစ်ယောက် တစ်ရက်စီခြားပြီး မွေးလာခဲ့ကြသည့် တစ်လတည်း တစ်နှစ် တည်း အသက်တူ သူစိမ်းတွေဖြစ်နေခြင်းကြောင့်ပင် ...၊

သွေးသား မတော်စပ်ကြဘဲ ဆေးရုံတစ်ရုံတည်းမှာ မိန့်က အရင်မွေးသည် ။ နောက်နေ့မှာ မြတ်မြတ်၊ ပြီးတော့ နှင်းဆီ၊ နောက်ဆုံးက ဒီပါ ဖြစ်၏။

ဤသို့ ထူးဆန်းစွာ ဆုံစည်းခဲ့၍ လူကြီးချင်းလည်း ရင်းနှီးသွားခဲ့

သည် ။ နောက်ပိုင်းမှာ သူ့ အိမ်ကိုယ့်အိမ် ဝင်ထွက်လည်ပတ်တဲ့ အထိ ရင်းနှီးခဲ့ကြပြီး ကလေးလေးယောက်ကလည်း ငယ်သူငယ် ချင်းတွေ ဖြစ်ခဲ့ကြ၏။

ငယ်ငယ်တုန်းကတော့ သူ့ကို ဗိုလ်ကျလိုက်၊ သူက မခံလိုက်နှင့် တကျက်ကျက်ပဲလို့ လူကြီး တွေက ပြောသည် ။

နောက်ကျတော့ မိန့်က အကြီးဆုံးဆိုတာ သိသာအောင် ပြောလာသော လူကြီးတွေစကားနှင့် အလွန်အမင်း ဆရာလုပ်ချင်သည့် သူမကပဲ အုပ်စုဗိုလ် ဖြစ်လာ၏။

မြတ်မြတ်ကျတော့ ဒုတိယအကြီးအဖြစ် နေရာယူကာ ငယ်ငယ်က တည်းက ဖက်တီးပုတ် လေးလည်း ဖြစ်ခြင်းကြောင့် နေရာတကာ ဦးစားပေးစာရင်းထဲမှာ ပါသွား၏။

နှင်းဆီနဲ့ ဒီပါတို့ ကို သူမတို့ အတွက် ဘော်ဒီဂတ်တွေလိုလို ...

အားလုံး ကိုယ်ပိုင်ကားတွေကိုယ်စီ ရှိကြတာတောင် "ငါ့ကားကိုပဲစီး " လို့ မိန့်က အမြဲတမ်း ဥပဒေအဖြစ် ထုတ်ပြန်သည် ။

ထို့ကြောင့် ဘယ်သွားသွား မိန့်ရဲ့ ကားပေါ်မှာ ပဲ အားလုံး ပြွတ်သပ်ညပ်လျက် ...

"ဟဲ့ ... နင်တို့ ခဏနေခဲ့မလား၊ ငါ တစ်ခေါက်ပြန်ရှာချင်လို့ "

"ဘာရယ် ..."

စိတ်ကူးတွေ ပျံ့လွင့်နေတုန်း မိန့်က ဘာမှန်းမသိ ထပြောကာ ...

"ငါ ခုမှ သတိရတယ် ... အဲဒီနားက မှတ်တိုင်မှာ ဘယ်ကားတွေရပ်လဲ သွားကြည့်ပြီး ..."

"ဖြစ်ရလေ မိန့်ရယ် ... ရုပ်သမျှကားတွေကို နင် မီအောင်လိုက်မှာ လား"

"ဘာဖြစ်ဖြစ် ငါ ထပ်တွေ့ရဖို့ ဒီနည်းပဲရှိတာ"

"ဘယ်လောက်တောင် တူနေလို့ လဲ၊ နင့်အဖြစ်ကလည်း ကိုခမ်း လက်ထပ်သွားတာ တစ်လ မပြည့်သေးဘူး၊ နောက်ထပ် ချွတ်စွပ်တူတဲ့ လူ တန်းတွေ့ရတယ်လို့ ..."

"အဲဒါ ငါ ကိုကို့ကိုချစ်တဲ့ အချစ်က စစ်မှန်လို့ ပဲ"

"အချစ်စစ်စစ် မစစ်စစ် ကိုခမ်းကတော့ သူ ထင်သလို ဆုံးဖြတ်သွား တာပဲမို့လား"

"အေးလေ ... မထင်ရဘူး၊ အပြောင်းအလဲကလည်း မြန်ပ့ါ"

"ကိုကို့ကို မပြောပါနဲ့ ... အဲဒါတွေက ငါ့အပြစ်တွေ"

"ဘာဖြစ်လို့ ငါ့အပြစ် ဖြစ်ရတာလဲ၊ နင့်ကိုကို ဘာဖြစ်လို့ ဒီလို လုပ် သွားမှန်း ဘယ်သူမှ နားမလည်နိုင်ဘူး၊ အားလုံး မျက်စိလည်ကုန်တာ"

အကုန်လုံး ဝိုင်းပြောနေကြတော့ မြတ်မြတ်က မိန့် မျက်နှာလေးကို လှမ်းကြည့်ကာ ...

"ကဲ ... စားစရာရှိတာ စား၊ သောက်မှာ ဖြင့် သောက်၊ သွားစရာတာ ရှိသေးတယ်"

"သွားမှာ လား မေးလည်း မေးပါဦး၊ ဟိုမှာ ဖြစ်သွားတဲ့ ရုပ်က စစ်ပွဲ တွေ အလီလီအခါခါ ရှုံးပြီး ခြေတစ်ပေါင်ကျိုး ... လက်နှစ်ဖက် အကြော သေ ဒဏ်ရာတွေနဲ့ ပြန်လာတဲ့ ..."

"အမလေးဟယ် စစ်ရှုံးလာတဲ့ မျက်နှာဆိုလည်း သရုပ်ပေါ်ပါတယ်၊

ခြေတစ်ဖက်ကကျိုး၊ လက်နှစ်ဖက်ပါ အကြောသေရဦးမယ်၊ စိတ်ကူးထဲမှာ မြင်ရတာ ကျက်သရေ မရှိလိုက်တာ"

"ရှိမှ မရှိတာ ... မမြင်ဘူးလား"

"ဒီပါ နော် ... ငါ ငိုချင် လာပြီ"

"ငိုပေါ့ ... မချော့ဘူး"

နှာခေါင်းမှာ ခုထိ ရဲနေတုန်းမို့ မဲ့ရွဲ့ပစ်သည့် ဒီပ့ါ မျက်နှာက ကြည့်ရဆိုးနေသည် ။ ဒါကိုကြည့် ပြီး မြတ်က ပြုံးစိစိ ...။

"တင်းနေတာ သိလား ... အဲဒီမိန်းမ၊ နှာခေါင်းမီးတောက်နေတာ ဖုံးဖိမရတော့လို့ "

"အံမယ် ... ငါ့ကိုပြောတာလား"

ဒီပါ ဆတ်ခနဲဖြစ်သွားမှ သတိထားမိကာ မိန့် မျက်နှာလေးပါ ပြုံးစိစိ ဖြစ်သွား၏။

"ဟုတ်တယ်လေ ... နင့်နှာခေါင်းကို ပြန်ကြည့်ပါလား၊ မီးသင့်နေတာ ခုထိ ရဲနေတုန်း"

"အဲဒါ မယ်မိန့်ကြောင့် ..."

လို့ ပြောရင်း ဒီပါက မြတ်ရဲ့ ပခုံးကို ဖြန်းခနဲ ရိုက်ပစ်၏။ အသံကျယ်သွားကာ ဆိုင်ထဲက လူ တချို့ လှည့်ကြည့်ကြ၏။ မြတ်က ပခုံးကိုပွတ်၍ ရှုံ့မဲ့ရင်း ...

"နှာခေါင်းနီနေတာကို လူတိုင်းမြင်တဲ့ ဟာ ... ငါပြောတာ မဟုတ်တာ ကျနေတာပဲ"

"သေလိုက် ..."

"ကဲပါ ... တော်ကြစမ်းပါ"

နှင်းဆီက ရေခဲမုန့် ခပ်သည့်ဇွန်းလေးနဲ့ လက်ခုံတွေကို လျှောက်တို့လိုက်သည် ။ ပြီးတော့ ဇွန်း ကို ပါးစပ်ထဲပြန်ထည့်၏။

"လုပ် ... လုပ် ... နှင်လည်း တစ်နေ့တစ်နေ့ ငါတို့ ရဲ့ ချွေးစ သွေးစလေးတွေမှ မျိုမချရရင် ပြန်လမ်းဖြောင့်မှာ မဟုတ်ဘူး "

"သိပ်ညစ်ပတ်တဲ့ မိန်းမ"

"ဘာဖြစ်လဲ ... ပါးစပ်ထဲမှာ ဘာစားစား ပေ့ါနေလို့ "

နှင်းဆီက ဇွန်းလေးကို ဘယ်လိုမ့်ညာလိမ့်နှင့် ပါးစပ်ထဲမှာ အမျိုးမျိုးလုပ်ပြပြီး မချိုမချဉ် ...။

"ပေ့ါနေမှာ ပဲ ... နှင်က ဘန်ပိုင်ရာသွေးပါတော့ သွေးလေး ချွေးလေးမှ မမျိုရရင် ဘာစားစား မတင်းတိမ်ဘူးပေ့ါ"

"ဟုတ်လားမသိဘူး၊ သတိထားကြ ... င့ါရှေ့မှာ ဒီတစ်ခါ သွေးထွက်သံယိုဖြစ်ရင် စုပ်ပြီး သားပဲ"

"ကြည့်စမ်း ... မထိတ်သာမလန့်သာ"

မြတ် တကယ်ပြူးပြဲသွားမှ နှင်းဆီက တခစ်ခစ်ရယ်သည် ။ ပြီးတော့ မိန့်ကို လှမ်းကြည့်မိ၏။

"မယ်မင်းကြီးမ" ပြုံးရယ်လာအောင် ဘယ်လိုမှ လုပ်မရပါလား ...။

အသက်နားနီးတဲ့ ရောဂါလို့ ပြောရလည်း အခက် ...။

* * *

# အခန်း (၂)

ယုဇနပလာဇာမှာ ငါးရက်တစ်ပတ်စာ ဈေးဝယ်နေတုန်း ဒေါ်ခင်သန္တာကို လှမ်းမြင်လိုက် သည် ။

"အန်တီခင် ..."

"ဟဲ့ ... သမီး"

ဒေါ်မေဇင် လှမ်းခေါ်တာ မမီလိုက် ...၊

ထို့ကြောင့် မြန်မြန်ပိုက်ဆံရှင်းခဲ့ပြီး သမီးနောက်ကို လိုက်ခဲ့ရ၏။

"အန်တီခင် ကိုကိုတို့ ပြန်မလာသေးဘူးလားဟင်"

"သမီး မိန့် ..."

ဒေါ်ခင်သန္တာကလည်း မိန့်ကို မြင်လိုက်တာနှင့် ညှိုးကျသွားသည့် မျက်နှာက လိုက်မမီလို့ စွန့် လွှတ်ခဲ့ရသည့် ရတနာပစ္စည်းတစ်ခုကို ပြန်မြင်လိုက်ရတာမျိုး ...။

"သမီးလေးရယ် ... သမီးကိုမြင်လိုက်ရတာ အန်တီ ဘယ်လိုကြီးဖြစ်သွားမှန်း မသိဘူး"

"အဟွန်း ... သမီးကတော့ ဟိုတုန်းကအတိုင်းပဲ အန်တီခင့်ကို ချစ်တယ်၊ ကိုကို့ကိုလည်း ..."

"သမီး ..."

ကိုယ့်သမီး စကားတွေ ထပ်ကျွံတော့မှာ သိကာ အနားရောက်သည့် ခြေလှမ်းနှင့်အတူ အသံနဲ့ ပါ ဟန့်တားလိုက်ရ၏။ ပြီးတော့မှ ဒေါ်ခင်သန္တာကို ပြုံးပြကာ ...

"ခင် ဈေးဝယ်လာတာလား"

"ဟုတ်တယ် ဇင်ရယ် ... စိတ်တွေရှုပ်ထွေးပြီး အပြင်မထွက်ဖြစ်တာ လည်း ကြာပြီလေ"

"သမီးတို့ မတွေ့ကြတာ ကိုကို့မင်္ဂလာပွဲပြီးကတည်းကနော် ... သမီး က လာချင်ပါတယ်၊ ဒါပေမဲ့ ..."

"ရပါတယ် သမီးရယ် ..."

ဒေါ်ခင်သန္တာ မချိပြုံးနှင့် မိန့်ရဲ့ လက်ကလေးကို ဖိဆုပ်ကိုင်သည် ။ ပြီးတော့ ရွှေတုံးကလေး လို ဝင်းစိုနုမွတ်နေသည့် လက်မောင်းသားပြည့်ပြည့်ကနေ လည်တိုင်နားထိ အကြည့်တွေရောက်သွား ကာ မျက်နှာလေးကို မမြင်ရဲတော့ဘဲ တစ်ဖက်လွှဲပစ်မိ၏။

ပြီးမှ လေသံသာသာ စကားလုံးတို့ ဖြင့် ...

"မတွေ့ရဲလို့ ပုန်းနေတဲ့ သူက အန်တီခင်ပါ၊ ဇင် တို့ ကိုလည်း လေ ..."

"ဒါတွေ ပြောမနေပါနဲ့ ခင်ရယ် ... ကလေးတွေကိစ္စက တို့ တွေ ဘာမှ လည်း တိတိကျကျ စီစဉ်ခဲ့ရသေးတာ မဟုတ်ဘူး ၊ သားက သူ့ စိတ်ကြိုက် ရွေးချယ်သွားတာ အပြစ်မှ မဟုတ်တာ၊ လာလေ ... တို့ တွေ့တုန်း တစ်ခုခု စားသောက်ရင်း စကားပြောရအောင်၊ အပေါ်ထပ်မှ ဒင်ဆန်းစား မလား"

"မစားတော့ဘူး ဇင် ... ထွက်လာတာလည်း ကြာပြီ၊ အိမ်မှာ သားရဲ့ အဖေလည်း ခရီးထွက် သွားတော့ တို့ တစ်ယောက်တည်းရယ်၊ အရင်လို ပဲ ခင်သေးတယ်ဆိုရင် ထမင်းစားလာခဲ့ကြပါလား"

ဖိတ်ရပေမဲ့ အားနည်းစွာနဲ့ ပါ ...။

ကိုယ့်သားရဲ့ လုပ်ရပ်က အားလုံးအပေါ်မှာ သစ်စိမ်းချိုးဆိုတာထက် ပိုရက်စက်၏။ ပြီးတော့ တကယ်ကို ပြတ်သားစွာ လုပ်နိုင်ခဲ့တာဆို လည်း ဒါကို ပြီးပြီးသားလို့ ထားလိုက်နိုင်သေးသည် ။ ခုတော့ ဒီလိုမဟု တ်။

"သမုက မိန့်နဲ့ တူတယ် အမေ၊ ဒါပေမဲ့ စိတ်ဓာတ်ကတော့ တခြားစီ ပဲ" တဲ့ ...။

"သားက မိန့်နဲ့ တူတာကို ရှာယူတာတော့ မဟုတ်ပါဘူးနော်" လို့ မေးကြည့်တော့ ...

"မသိဘူး ... ဒါပေမဲ့ တူနေတာကိုတော့ သဘောကျတယ်" တဲ့ ။

ဖျတ်ခနဲ ဝင်လာသည့်အတွေးနှင့် မိန့်ရဲ့ မျက်နှာလေးကို ငေးမိပြန်သ ည် ။

"မျက်နှာမြင် ချစ်ခင်ပါစေ" ဆိုတဲ့ ဆုတောင်းကောင်းနဲ့ ပြည့်ခဲ့တဲ့ မိန်းကလေး၊ ထိုမျက်နှာ လေးကို ကျောခိုင်းထွက်ခဲ့ရပေမဲ့ ဒေါ်ခင်သန္တာ အာရုံထဲမှာ ရတ်တရက် ပျောက်မသွားခဲ့ပေ ...။

ဒေါ်မေဇင်ကလည်း ကိုယ့်သမီးကို လက်ဆွဲခေါ်ခဲ့ပြီး ...

"လာခဲ့မယ်ဆို ပြီးတာပဲ သမီး၊ ဘာဖြစ်လို့ နေ့တွေ ရက်တွေနဲ့ ကတိ ပေးလိုက်ရတာလဲ၊ ဒီ ရက်ပိုင်းတွေမှာ သမီး အဲဒီကို မသွားရဘူး ... ဒါပဲ "

"မေမေကလည်း ရက်ပိုင်းမှ မကတော့တာ ဘာဖြစ်လို့ လဲ၊ မေမေပဲ ခုနကပြောတော့ ကိုကို့မှာ အပြစ်မရှိဘူးဆို ..."

"ဘာ ..."

ကိုယ့်သမီး ဖြစ်နေတော့ ဒေါသဖြစ်ရခက် ... ခွင့်လည်း မလွှတ်ချင်။

"ကိုယ့်ချစ်သူ သူများ နဲ့ ယူသွားတာ မဟုတ်လား" လို့ စိတ်ရှိလက်ရှိ အော်မေးလိုက်ချင်သော် လည်း ဘေးမှာ လူတွေက ရှုပ်ယှက်ခတ်နေသည် ။

မိန့်ဆိုတဲ့ မိန်းကလေး အိမ်မှာ အလိုလိုက်ထားလို့ ဆိုးနွဲ့လွန်းသည် ။ သူငယ်ချင်းတွေအပေါ် မှာ လည်း သူကတောင် မပူဆာရဘဲ အားလုံးက လိုက်လျော သည်းခံကြ၏။

ပြောရမယ်ဆို နေရာတကာမှာ ဗိုလ်ကျတတ်တဲ့ ကောင်မလေး ...၊

ခမ်း အပေါ်မှာ ကျတော့ သူမ ဘာဖြစ်လို့ ဒီလောက် ခွင့်လွှတ်သည်း ခံချင်တာလဲ ...

ဒေါ်မေဇင် စိတ်ပျက်ရှုပ်ထွေးရင်း တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်နဲ့ သာဝယ်ခြမ်းနေရသည် ဘာတွေပါ လာပြီး ဘာတွေကျန်နေသေးမှန်း မသိတော့ပေ။

ဒါတောင် အိမ်ရှေ့ရောက်လို့ ကားပေါ်ကဆင်းတော့ မေးဖော်ရသေးသည် ။

"ကိုကိုတို့ အိမ် ဘယ်တော့သွားမှာ လဲ" တဲ့ ...။

* * *

# အခန်း (၃)

"ငါ ဒီတစ်ခါပါပဲ"

မိန့် စကားကြောင့် နှင်းဆီတို့ မျက်လုံးချင်း ဆုံသွားပြန်သည် ။ မိန့်က စတီယာရင်မှာ လက်တင်ထားရင်း ဘယ်သူ့ကိုမှ မကြည့်ဘဲ ငေးနေသည့်မျက်နှာလေးနှင့် ...

"မေမေကလည်း ဆူတယ် ... ငါ မသွားသင့်ဘူးဆိုတာလည်း နားလည်ပါတယ်၊ ဒါပေမဲ့ ကိုကို့အခန်းထဲကိုဝင်ပြီး စကားတွေ တစ်ယောက်တည်း ပြောနေချင်တယ်၊ ဖြေမယ့်သူမရှိပေမဲ့ မေးခွန်းတွေ မေးနေချင်တယ်"

"ကလေးလို ခြေဆင်းငိုပစ်ဖို့ စိတ်ကူးရော မပါဘူးလား"

ဘာမှ မဖြေပေမဲ့ မိန့်ရဲ့ မျက်ဝန်းလေးတွေမှာ မျက်ရည်ဝေ့နေပြီဖြစ်သည် ။ အရင်လို ပြန်မရနိုင် တော့သည့် အချစ်တွေအတွက် ဘယ်လိုမှ ဖြေသိမ့်မရနိုင်ခြင်းသည် အမြဲတမ်းငိုနေဖို့ ဖြစ်ခဲ့သည် လား ...၊

မျက်ရည်တို့ ကို မြင်သည် နှင့် နှင်းဆီတို့ အားလုံး သူမနောက်ကို ပါလာခဲ့ကြသည် ။ မိန့်ရဲ့ ဆန္ဒ မှန်သမျှကို ဘယ်တုန်းကမှ တားဆီးခဲ့ကြတာ မရှိတဲ့ အတိုင်း ...

"နင်သွားတာကတော့ ဟုတ်ပါပြီ၊ ငါတို့ တစ်ပြုံတစ်မကြီးလိုက်လို့ ကောင်းပါ့မလား၊ ဟို တုန်းတည်းက ငါတို့ ကိုဆို ကိုခမ်းက သိပ်ကြည်

တာ မဟုတ်ဘူး "

နှင်းဆီက ဒီအဖွဲ့မှာ စီမံကွပ်ကဲရေးရာထူးနှင့် အရာရာ အပင်ပန်းခံခဲ့တဲ့ အတိုင်း ရှေ့ရေး နောက်ရေး မျှော်တွေးလိုက်ပြီဆို သူပဲဖြစ်သည် ။

ထင်သည့်အတိုင်း အိမ်ရှေ့မှာ ကားရပ်ပြီး လေးယောက် တစ်ပြုံလုံးကို တံခါးဝမှာ မြင်လိုက်ရ လျှင် အထဲကထွက်လာသည့် ဒေါ်ခင်သန္တာ ခြေလှမ်းတွေ တုံ့ခနဲ ရပ်၏။ ပြီးတော့ တအံ့တသြ ဖွင့်ဟ သွားသည့် နှုတ်ခမ်းတွေကို အလျှင်စလို ပြုံးလိုက်ကာ ...

"သမီးမိန့် ... လာ ...၊ သမီးတို့ လာ ..."

ကိုယ်တိုင် တံခါးပြေးဖွင့်ပြီး ကြိုဆိုလိုက်မှ နှင်းဆီတို့ သက်ပြင်းခိုးချမိ၏။ သူတို့ စိတ်ထဲမှာ မိန့်ကို မပြောရက်ပေမဲ့ တညီတညွတ်တည်း တွက်မိထားတာ တစ်ခုရှိသည် ။ ဒါက ဘာလဲဆိုတော့ ...၊

ကိုခမ်း ခုလို လူကြီးတွေမျက်နှာကိုတောင် မငဲ့ဘဲ လွတ်လွတ်ခါခါ ဆုံးဖြတ်နုတ်ထွက်သွား ခြင်းဟာ သူ့သဘောနဲ့ သူ ဖြစ်စေဦးတော့ မိဘတွေကိုယ်တိုင်က ဆုံးဖြတ်ခွင့်ပေးခဲ့ခြင်းသာ ဖြစ်နိုင် သည် ။

မတားဆီးနိုင်တာ မဟုတ်ဘဲ မတားဆီးခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့် ဒီအိမ်ကို မိန့်ကို နောက်ထပ်မသွားစေချင်ပါ။ ကလေးဆန်လွန်းသည် လိုမြင်နေကြ သော ဒီလူတွေမျက်လုံးထဲမှာ မိန့်က အထင်ကြီးဖွယ် ဘာမှ ရှိနေမှာ မဟုတ် ...။

"သမီးတို့ အေးဆေးနော် ... အန်တီ စားစရာတစ်ခုခု သွားလုပ်ဦးမယ်၊ အိမ်အကူကောင်မ လေးကလည်း တောပြန်သွားလိုက်တာ တစ်ပတ်ဆိုပြီး ပြန်မလာသေးဘူးလေ"

"အန်တီ နေပါစေ"

"လာပါ ... ငါတို့ ပါ ဝိုင်းလုပ်ရအောင်"

သူတို့ အားလုံး မီးဖိုခန်းထဲ ရောက်သွားကြသည် ။ ဒီအိမ်ကို မိန့်နဲ့ မကြာခဏ ပါလာဖူးသော် လည်း ဒီလိုနေရာထိတော့ မလိုက်ဖူးတာမို့ အထဲရောက်တာနှင့် သုံးယောက်စလုံး မျက်လုံးတွေက ကျီးကန်း တောင်းမှောက် ...။ ထမင်းစားခန်းက သပ်သပ်မဟုတ်ဘဲ ကြိမ်ဒေါက် ကာတွေနဲ့ ကန့်ထား ကာ နှစ်ဖက်စလုံး အကျယ်ကြီးပဲ ဖြစ်သည် ။

အံ့သြဖို့ ကောင်းတာက နံရံကပ် ရှူးကေ့စ်ကြီးတွေက မီးဖိုခန်းမှာ ပြိုးပြက်လက်နေသည် ။ ဒန်အိုးတွေမှန်း သိနေလျက်နှင့် စတီးအိုးတွေ လားလို့ သေချာ ပြူးပြဲကြည့်မိတဲ့ အထိ ...။

မီးဖိုချောင်သုံးပစ္စည်းတွေဆို ဘာမှ လိုလေသေးမရှိ၊ သူ့နေရာနဲ့ သူ ထားတာ၊ ဓားတွေကို တောင် ဆိုက်ဒ်တူ အရွယ်တူချင်း၊ ဇွန်းတွေက လည်း အမျိုးအစားတူ ရွယ်တူချင်း ...။ ဘယ်ပစ္စည်း ကြည့်ကြည့် သုံးစွဲ ထားမှန်းမသိနိုင်အောင် ဖိတ်ဖိတ် လက်နေ၏။ မီးဖိုချောင်ပေမဲ့ ဘေဇင် မှ လွဲ၍ ဘယ်နေရာမှာ မှ ရေကွက် ရေစိုတာမရှိ ...။

ကြမ်းပြင်ကအစ ကိုယ့်အရိပ်ကို မြင်ရအောင် ပြောင်လက်နေတာ လွန်သည် ။ မြတ်က မနေ နိုင်မထိုင်နိုင်ဖြစ်လျှင် မျိုသိပ်မထားတတ်သူပီ ပီ ...

"အန်တီတို့ က အရမ်းအသန့်ကြိုက်တာပဲနော်၊ ထားသိုတာကအစ စ နစ်ကျတယ်"

ပြောလိုက်တော့ ဒေါ်ခင်သန္တာက ရေခဲသေတ္တာဖွင့်နေရင်း ပြန်လှည့် ကြည့်၍ ပြုံးပြသည် ။

"ဟုတ်တယ် ... စနစ်မကျလို့ လည်း မရဘူးလေ၊ သားရဲ့ အဖေက

အရမ်းစည်းကမ်းရှိတာ၊ အန်တီကတော့ မိသားစုထဲမှာ အလိုလိုက်ခံထားရတော့ ပေ့ါပေ့ါပါးပါးပဲလေ၊ သူနဲ့ လက်ထပ်လိုက်မှ ပဲ ..."

"အန်ကယ်လ်က ကျပ်ပေးရောလား"

"အဲဒီလိုတော့ သူ မလုပ်ပါဘူး၊ အန်တီ့ကို ဆူတာကြိမ်းတာ မလုပ်ဘဲ သူချည်းပဲ ဒိုင်ခံလုပ် သွားတာမျိုး၊ ကိုယ်ရှိနေသားနဲ့ သူ ဒီလိုလုပ်နေတော့ ဘယ်ကောင်းတော့မလဲ သမီးရယ် ... မပြော ပေမဲ့ ဝင်လုပ်ရတော့တာပေ့ါ၊ အဟွန်း ..."

"ဟုတ်လား ... ကိုခမ်းကို ကြည့်ရတာလည်း စည်းကမ်းရှိပုံပဲ၊ အဖေတူ ထင်တယ်နော်"

မြတ်ကို နှင်းဆီက လက်တို့ သည် ။ မြတ်က "ဘာဖြစ်လဲ" ဆိုသည့် မေးဆတ်ခြင်းနှင့် ပြန် တိုက်ပစ်၏။ ဒေါ်ခင်သန္တာကတော့ အသံတိတ်သွားခဲ့ပြီး ခဏကြာတော့လည်း ဖြေသံထွက်မလာ ...။

"သမီးတို့ ဒီမှာ ရော့ ... ရေခဲသေတ္တာထဲမှာ ရှိသေးတယ်နော်၊ လိုသေးရင်လည်း အပြင်မှာ ဒရိုင်ဘာရှိတယ်၊ သွားဝယ်ခိုင်းလို့ ရတယ်၊ သမီး မိန့်က ရခိုင်မုန့်တီသုပ် ကြိုက်တာ၊ သမီးတို့ ဟင်း ခါးချက်တတ်ရင် ချက်လေ၊ အဲဒီမှာ အစုံရှိတယ်၊ အန်တီ မုန့်ဖတ်ဝယ်ခိုင်းလိုက်မယ်"

"ဟုတ်ကဲ့ အန်တီ၊ ကြာဇံချက်လေးပဲ ချက်လိုက်ပါ့မယ်၊ ဘာမှ ဝယ်မနေရတော့ဘူးပေ့ါ၊ မိန့် ကို ငရုတ်ကောင်းပူပူလေး ခပ်ပေးလိုက်ရင် ပြီးပြီ"

ဒေါ်ခင်သန္တာ ခေါင်းညိတ်ပြီး ထွက်သွားသည် ။ အပေါ်ထပ်ဆီကို သွားတာမြင်တော့ ဒီပါက နှင်းဆီနားကပ်၍ ...

"ကိုကို့အခန်းထဲ ခဏဝင်မယ်နော်လို့ မိန့် ပြောသွားရဲ့ သားနဲ့

နောက်ကလိုက်သွားတာ ထင် တယ်၊ ဟိုမိန်းမက တစ်ယောက်တည်းဆို ပြီး အော်ငိုချင် ငိုနေမှာ "

"မ လိုက်လောက်ပါဘူးဟာ ... အန်တီ့ပုံကြည့်ရတာ မိန့်ကို ချစ် တော့ ချစ်ပါတယ်"

ဒီလိုပဲ ဖြစ်စေချင်တာပါ၊ စွန့်ခွာရက်တဲ့ သူက ခွာသွားခဲ့ပေမဲ့ ဒီတစ် ယောက်က မပြီးနိုင်။ ကျန် ခဲ့တဲ့ လူတွေက အထင်မြင်သေးစွာ နားလည် မှု လွဲနေဦးမည်ဆိုလျှင် ...၊

"တွေ့လား နှင်းဆီ ... ငါတို့ ရဲ့ မိန့် ဘာဖြစ်လို့ ကျန်ခဲ့ရသလဲဆိုတာ၊ ဒီမီးဖိုချောင်ထဲမှာ ပဲ အဖြေရှိတယ်"

ဒီထဲဝင်လိုက်ကတည်းက နားလည်လိုက်ကြတာမို့ နှင်းဆီ စိတ်မသ က်သာစွာ ခေါင်းညိတ် ၏။

"ဟုတ်တယ် ... ကိုခမ်းက အဖေတူသားပဲ၊ သူ့ရဲ့ စည်းမျဉ်း သူပိုင်ဒ သနတွေကို သူ့မျက်နှာ မှာ မြင်နေရတာပဲ၊ ငါတို့ အစောကတည်းက သတိပေးကြတာ မိန့်ကမှ နားမထောင်တာ"

"တကယ်ဆို တွေးကြည့်ရင် ကိုခမ်းနဲ့ မိန့် မဖြစ်နိုင်တာ အသိသာ ကြီးပါဟာ၊ ချစ်တာမချစ် တာတော့ ငါတို့ မသိနိုင်ပေမဲ့ ကိုခမ်းမှာ သနျာ တွေရှိတယ်၊ နင်တို့ စဉ်းစားကြည့်လေ ..."

နှင်းဆီက ကြက်သားခုတ်ဖို့ စဉ်းတီတုံးလေးကိုဆေးနေရင်း စကားပြောမပြတ်။ မြတ်က လည်း မှိုခြောက်တွေကို အိတ်ဖွင့်ကာ ရေ စိမ်ထားလိုက်၏။ ဒီပါက ဘယ်သူဘာပြောပြော စိတ်ဝင် တစား နား ထောင်တတ်သည့်အကျင့်ရှိသည် မို့ နှင်းဆီတို့ လိုအပ်မယ်ထင်တာလေး ဟိုဟာလေး ယူ ပေး၊ ဒီဟာလေးပြေးကိုင်နှင့် နားစွင့်လျက်သား ...။

"ပြောလေ ... ဘာကို စဉ်းစားကြည့်ရမှာ လဲ"

အလုပ်လုပ်ရင်း စကားပြောနေတာကို အားမလိုအားမရဖြစ်ပြီး မေးလိုက်သေးသည် ။ နှင်းဆီ က ကြက်သားတွေထုတ်၍ ရေဆေးနေရင်း ...

"ကိုခမ်းတို့ က ဒီလောက်ထိ ချမ်းသာလာအောင် အောက်ခြေကနေစပြီး ကြိုးစားလာခဲ့ကြ တာ၊ တစ်ရာတစ်ထောင်ကအစ တွက်ချက်ပြီးမှ အိတ်ထဲက အထွက်ခံတာ၊ ငါတို့ မိန့်လေးက မျိုးရိုး စဉ်ဆက်တည်းက ရွှေလင်ဗန်းနဲ့ အချင်းဆေးပြီး စိန်ခဲရွှေခဲ ကိုင်ဆော့လာခဲ့တာလေ၊ ရီခင့်အမေဆုံး လို့ သွားကြည့်တုန်းက သနားပါတယ်ဆိုပြီး စိန်လက်စွပ်တစ်ကွင်းလုံးကို နာရေးအတွက် ချွတ်ပေး ပစ်ခဲ့တာကြည့် ..."

"နင်ကလည်း ဒါမျိုးတွေ မိန့်လုပ်ခဲ့တာ တစ်ခါနှစ်ခါမှ မဟုတ်တာ၊ အန်တီဇင်တို့ ကိုယ်တိုင် က သူ့သမီးလေး စိတ်ထားနူးညံ့လိုက်တာဆိုပြီး ဘယ်တုန်းက ဆူခဲ့ငေါက်ခဲ့လို့ လဲ၊ သူ့သမီး တစ်ယောက်တည်း ဘယ်လိုသုံးသုံး မွဲမသွားနိုင်ဘူးလို့ တောင် ပြောနေသေးတာ"

"အဲဒါပြောတာ အဲဒါ ... ဘဝနှစ်ခုက အခြေခံတည်ဆောက်လာပုံချင်းမှ မတူတဲ့ ဟာ၊ တစ်နေ့ ဒီလိုဖြစ်မယ်ဆိုတာ လူကြီးတွေက တွေးမိရမှာ ... ပေးစားမယ်လို့ စိတ်ကူးလိုက်ကြတာကိုက မှား တာ"

"တိုးတိုးပြောစမ်းပါ မယ်ဒီပါရယ် ..."

သူတို့ အချင်းချင်း စိတ်မရှည်ဖြစ် လာပြီဆို "မယ်" တပ်ခေါ်နေကျအတိုင်း မြတ်က နောက် ကြောင်းပြန်ကြည့်ရင်း သတိပေးသည် ။

ဒေါ်ခင်သန္တာကတော့ သူမတို့ ထင်ကြသလို မနှစ်မြို့သောခြေလှမ်းတွေနဲ့ မဟုတ်ခဲ့ပါ ...။

"သမီး မိန့် ..."

"ရှင် ..."

အခန်းထဲကို ခြေတစ်လှမ်းစာလောက်ပဲ ဝင်ရပ်နေပြီး ဘာတွေတွေး နေမှန်းမသိသော မိန့်ရဲ့ မျက်နှာလေးက ဒေါ်ခင်သန္တာ့ဘက်ကို လှည့်လာ တော့ မျက်ရည်တွေနှင့် ...။

"ရော့ သမီး ... ဒီမှာ သမီးကိုကိုရဲ့ အခန်းထဲက သော့တွေ၊ သမီးအား လုံး ဖွင့်ကြည့် ... စိတ် ချမ်းသာသလိုနေ"

သော့ကို လှမ်းပေးကာ မိန့်က လှမ်းယူတော့ လက်ဖဝါးလေးကို အားပေးသလို ထွေးဆုပ် လိုက်သည် ။ ပြီးတော့ ...

"အန်တီ နားလည်ပါတယ် သမီး မိန့်ရယ် ... သမီးလေးလည်း အန် တီတို့ ကို နားလည်ပါနော် ..."

နှစ်ဖက်စလုံး မျက်ရည်ဝေ့နေခဲ့ပြီး ဒေါ်ခင်သန္တာ ထွက်ခွာသွားတော့ တံခါးကိုပါ ဆွဲပိတ်ထား ခဲ့၏။

မိန့် လက်ထဲမှာ ခရစ္စမတ်ဘိုးဘိုးရုပ်လေးပါသည့် ကီးချိန်းလေးနှင့် သော့တွဲက "လုပ်လေ ... ဖွင့်လေ" ဆိုပြီး မျက်စပစ်နေသည့်နှယ် ...။

ဒီကီးချိန်းလေးကိုလည်း မိန့် ကိုယ်တိုင် ဝယ်ပေးခဲ့တာဖြစ်သည် ။ ပ စ္စည်းသေးသေးကြီးကြီး ဘာပဲဝယ်ဝယ် ကိုကိုက မကြိုက်တတ်ပေ ...။

"လိုလို့ လား မိန့်ရယ် ..." ဆိုသည့် မေးခွန်း ကိုကို မေးနေကျ။

အခန်းထဲကို တိုးလျှောက်လာခဲ့ရင်း ပထမဆုံး ဦးတည်မိသည် က စာကြည့်စားပွဲဆီ၊ သော့တွဲ လေးကို ပြန်ငုံ့ကြည့်ကာ နံပါတ်လေးတွေ တပ်ထားတဲ့ အတိုင်း အံဆွဲနှစ်ခုကို ဖွင့်လိုက်မိ၏။

ဒါဟာ စည်းကမ်းမဲ့ခြင်းဖြစ်ပေမဲ့ ကိုကို့ရဲ့ အငွေ့အသက်လေးတွေ နားမှာ နောက်ဆုံး ယစ်မူး ချင်မိသည် ။

ငါနဲ့ ပတ်သက်တဲ့ အစိတ်အပိုင်း အမှတ်တရလေးတွေ ကိုကို့ဆီမှာ ဘာတွေရှိလဲ၊ ဘယ် လောက်ထိ ဘာတွေကို ထုတ်နုတ်သိမ်းဆည်းထား မလဲ ...။ သိချင်စိတ်နှင့် ခုံမှာ ထိုင်ချလိုက်မိသည် ။

အံဆွဲတစ်ခုထဲမှာ ဓာတ်ပုံအယ်လ်ဘမ်ကြီးတစ်ခုနှင့် ရေကူးကန်ထဲမှာ မိန့် ရေကူးနေတဲ့ ပုံ လေးက ပထမ မျက်နှာစာမှာ နေရာယူလျက် ...။

ဒီပုံလေး ကိုကို ဘယ်တုန်းက ရိုက်ယူထားတာလဲ ...၊

ရေကူးကန်မှာ တွေ့တုန်းက ကိုကိုနဲ့ မိန့် စကားများ ခဲ့ကြတာပါ။ အိမ်နီးနားချင်းဖြစ်လာတော့ မှ ...၊

အယ်လ်ဘမ်တစ်ချပ်ချင်းကို လှန်ရင်း ကိုကိုနဲ့ မိန့်ရဲ့ ပျော်စရာနေ့လေးတွေက တရေးရေး ပြန်ပေါ်လာခဲ့၏။ ဘဝမှာ ချမ်းသာပြည့်စုံဖို့ လိုသလို အချစ်ကလည်း အရေးကြီးတာပဲလို့ ပြောတတ် ခဲ့တဲ့ ကိုကိုနဲ့ ...၊

အရေးတကြီးအားလုံးကို ပေ့ါပါးစွာဖြတ်သန်းချင်တဲ့ မိန့် ...၊

ဒီလိုနေ့မျိုး တစ်ချိန်ချိန်မှာ ရင်ဆိုင်ရဖို့ ရှိလာမယ်ဆိုတာ ကြိုသိထားခဲ့မယ် ဆိုရင်တော့ ...။

* * *

# အခန်း (၄)

"ဟိုမှာ ရေနစ်နေပြီ၊ လုပ်စမ်းပါ ... သွားဆယ်ပေးပါ"

"ဟ ..."

"ဝုန်း ..."

ငြင်းဆန်ချိန်မရလိုက်ဘဲ ခမ်း ရေထဲကို မသေမသပ် ပြုတ်ကျသွားသည် ။ တကယ်ဆို သူ ရေကူးတတ်တာမဟုတ် ...။

တော်သေးသည် ၊ ရေအနက်က လေးပေပဲရှိလို့ ...၊

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"ရေနစ်နေပြီ ထင်လို့ "

"ဟား ... ဟား ... ဟား"

သူငယ်ချင်းတွေ ဝိုင်းရယ်ကြတော့ ခမ်း မျက်နှာကြီး နီနေ၏။ ရေနစ်နေပါပြီပြောသည့် မိန်းကလေးက အပြာရောင်ရေကူးဝတ်စုံကပ်ကပ်လေးနဲ့ ပြူးတူးပြဲတဲ ကြည့်နေသေးသည် ။

"ဘာဖြစ်တာလဲ မိန့်"

"ငါက နင် ရေနစ်နေပြီထင်လို့ "

"မနစ်ပါဘူး၊ ရေပေါ် ချက်ချင်းပြန်ပေါ်အောင် မယက်တတ်သေးလို့

ပါ၊ နင်ကလည်း တိမ် တိမ်လေးဟာကို ..."

"ဘယ်လိုလုပ် သိမှာ လဲ ... နင် မကူးချင်ဘဲနဲ့ ငါက အတင်းသင်ခိုင်းမိတာဆိုတော့ ..."

မိန့်က သင်တန်းဆရာတွေနဲ့ စကားပြောနေသည့် မကျေမနပ် မှုန်ကုပ်ကုပ်မျက်နှာဆီကို လည်း အကဲခတ်သေးသည် ။

အရပ်မြင့်မြင့် အဆီပိုမရှိသည့် ကိုယ်ဟန်တောင့်တောင့်နှင့် ရေတွေစိုနေတာတောင် ကြည့် ကောင်းနေသေးသည် ။ ဘောင်းဘီရှည်နက်ပြာနှင့် ကြည်ပြာရောင်ဖျော့ဖျော့က ဖြူဝင်းသည့်မျက်နှာ နှင့် ထင်းနေသည် ။

လေးထောင့်ဆန်ချင်တာလား ... ပြားတာမျိုးလားမသိ၊ မျက်ခုံးထူထူ နှာတံပေါ်သည့် မျက်နှာမှာ နှုတ်ခမ်းသားတွေ တင်းစေ့နေတာက သူ့မျက်နှာပုံစံနှင့် ပိုလိုက်၏။

မိန့်က ခိုးကြည့်လိုက်စဉ် တင်းမာနီမြန်းနေသည့် သူ့မျက်နှာ ဒီဘက်လှည့်လာတာနှင့် ပက် ပင်းတိုး၏။ ကိုယ်က အပြစ်ရှိသူမို့ ရယ်ပြပေမဲ့ ထိုသူက တင်းနေသည့်မျက်နှာအတိုင်း ဖျတ်ခနဲ ပြန် လှည့်သွားသည် ။

"မိန့် ..."

"ဘာလဲ ..."

"နင် ဘာလုပ်လိုက်တာလဲ"

"နင် ရေနစ်တယ် ထင်လို့ လေ၊ သူ့ကို အနီးဆုံးလူဆိုပြီး အကူအညီတောင်းတာ ... ဂရုမှ မစိုက်တာ"

"အဲ ... အဲဒါနဲ့ ..."

"တွန်းချလိုက်တာ"

"အယ် ..."

"ဘာအယ်တာလဲ ... သင်တန်းဆရာတွေက ကလေးတွေဆီရောက်နေတာလေ"

"မိန့်ရယ် ... ဒါက မကူးတတ်သေးတဲ့ လူတွေအတွက် ကန့်သတ်ထားတဲ့ ဟာ၊ လေးပေ လောက် ရေလေးကို ..."

"လေးပေလည်း နင်က အကြာကြီး မြုပ်နေတာကိုး"

"ဒါဆိုလည်း နင် ဆင်းလာပါလား"

"ငါက ဝတ်စားထားတာ ရေစိုမှာ စိုးလို့ ပေါ့"

"ဟိုလူကျတော့ရော ..."

ဝတ်ထားတာမှ မြို့လယ်ခေါင်က တကယ့်ဟိုက်ဘော့စ်တစ်ယောက်ပုံစံ ...။

"နည်းနည်းပါးပါး အကဲခတ်ပါလား"

"ဟဲ့ ... နင့် သေရေးရှင်ရေးလေ၊ ဒီလူကိုလည်း သင်တန်းကဆရာနဲ့ ဒီမှာ ခဏခဏ ငါမြင် ဖူးတော့ ဒီသင်တန်းနဲ့ ပတ်သက်တဲ့ လူပဲ ထင်တာ ပေါ့"

"ကောင်းရောဟယ် ... ဟိုမှာ ဆရာတို့ ဘယ်လောက်အချိုကျွေးနေရပြီလဲ မသိဘူး"

"ဟုတ်မှာ ... ယောကျ်ားကြီးဖြစ်ပြီးတော့၊ ဟွန်း ..."

မျက်နှာစူပွပွနှင့် ခေါင်းကဆံပင်တွေနဲ့ ကိုယ်ကရေတွေကို ပွတ်သပ်ခါနေတာ မပြီးနိုင်။ တစ်ကိုယ်လုံး ကြွက်စုတ်ဖြစ်နေပြီကို၊ ခါချနေတာ၊

လူကို မကျေနပ်ကြောင်း တမင်ပြနေတာ ...။

ဒီပါ အင်္ကျီလဲနေတုန်း ဆပ်ဖ်ကားနက်လေးပေါ် တက်သွားတာ၊ တံခါးပိတ်ပစ်သံက ဂျိမ်းခနဲ၊ ကားထဲကနေ သူမြင်တာ မမြင်တာ မသိ။

မိန့် နှုတ်ခမ်းကို လုံးချွန်နေအောင်ထော် မေတ္တာပို့ပေးလိုက်သည် ။ ပြီးတော့ မျက်စောင်းထိုး လိုက်တာ ဆတ်ခနဲ ...။

နောက်တစ်ခါဆုံဖြစ်တော့ ရေကူးကန်ကို လာတာပေမဲ့ လမ်းမှာ ပဲ ဖြစ်ကာ သူက ကားနှစ်စီး ရပ်ထားသည့်အလယ်မှာ လူတစ်ယောက်နဲ့ စကားပြောနေတာ ဖြစ်သည် ။

မိန့်က ဒီတစ်ခါ နှင်းဆီတို့ နဲ့ ဒီပါ့ကို ထည့်လိုက်ပြီး အပြန်ကျမှ ဝင်ကြိုခြင်းဖြစ်ကာ နောက် ထပ်သွားကြိုဖို့ လမ်းကြောင်းက ပါ လာပြီး သား။ ဒါပေမဲ့ သူ့ကိုမြင်လိုက်တော့ ကွေ့ရှောင်သွားဖို့ လမ်း က ရှေ့မဆက်ဘဲ တုံ့ခနဲ ရပ်ပြီး ဖြစ်၏။

ကားသုံးစီး တေ့ဆက်လေးတွေရပ်ထားသဖြင့် လမ်းတစ်ခုလုံး ပိတ်သွား၏။ မိန့် ကားရပ် လိုက်တာကို သူက လှည့်ကြည့်ကာ မှတ်မိသလား ... မမှတ်မိဘူးလားမသိ၊ ပြန်လှည့်ပြီး စကားပြော မပျက်နှင့် ...၊

"တီ ..."

နောက်ကားတစ်စီး ဝင်လာတော့ လမ်းတောင်းသည် ။ မိန့်ရဲ့ ကားကို အသာလေးဆက်မောင်း ပေးရုံနှင့် သွားသာမှာ မို့ စကားပြောနေသူ နှစ်ယောက်က လှမ်းကြည့်ကြသည် ။

မိန့်က ကားကို နောက်ပြန်မှီထားရင်း ပခုံးတွန့်ပြလိုက်၏။

အဖြူနားရစ်ပါသည့် မျက်မှန်နက်ရှည်ရှည်လေးနှင့် အဖြူအနက် ဝိုင်းထားသော နားဆွဲဝိုင်း ကြီး ခါယမ်းနေသည့် မျက်နှာလေး၊

နှုတ်ခမ်းနီကို ရဲတောက်နေအောင် ဆိုးထား၏။ ခါးကျရုံ လည်ဟိုက် လက်ပြတ်အနက်၊ ပေါင် လယ်လောက် ဂျင်းဘောင်းဘီတိုအနက်လေးနှင့် ရွှေရောင်လဲ့နေသည့် သူမ၏ အသားရောင်သည် ဝတ်ထားပုံနှင့် တစ်ကိုယ်လုံးက တကယ့် Sexy။

ယောကျ်ားနှစ်ယောက်သုံးယောက် စူးစူးရဲရဲ ဝိုင်းကြည့်နေတာတောင် သူမက လက်ပိုက် မပျက် တုံ့ပြန်ကြည့်နေဆဲ ...။

"မင်းကားကို ရွှေ့ရမယ်မှန်းတော့ သိတယ်မို့လား"

"ပျက်နေတယ်"

"မင်း ခုပဲ ထိုးရပ်လိုက်တာ"

"ရပ်သွားတာလေ"

တမင်ပြောပစ်လိုက်တာကို ပုဂ္ဂိုလ်က သိနေသလိုမျိုး၊ မျက်နှာက တင်းခနဲ ဖြစ်သွားသည် ။

"ကိုယ်ကတော့ ထွက်လို့ ရတယ်၊ မင်း သူ့ကားကို နည်းနည်းကြည့်ပေးဖို့ လိုမယ် ထင်တယ်"

ပြောတဲ့ လူက ပြောပြီး ကားပေါ်ပြန်တက်၍ မောင်းထွက်သွားသည် ။ ထို့ပြင် တစ်ဖက်က ဟွန်းသံလာနေဆဲ ကားထဲကနေ စိတ်မရှည်စွာ ခေါင်းထွက်လာသည် ။ ပြီးတော့ ...

ဘာတွေပြောဆိုဆဲရေးနေမှန်း မသိဘဲ ဘက်ခ်ပြန်ဆုတ်သွား၏။

ကျန်ရစ်တာက သူနဲ့ မိန့် ...။

မျက်နှာကို သေချာကြည့်ရင်း မိန့်က မျက်မှန်လေးကို ချွတ်လိုက်၏။ ကာလာတွေထင်းနေ အောင် တင်ထားသည့် မျက်ဝန်းလေးတွေကို သူ

စူးစိုက်ကြည့်လာတော့မှ ...

"ခင်ဗျား မိန့်ကို မှတ်မိလား ..."

"မင်း အဲဒါကြောင်ချင်လို့ လား"

"တောင်းပန်မလို့ ပါ၊ ဒီက ခင်ဗျားကို ရေကူးသင်တန်းကလူပဲထင်လို့ "

"အခု ဘယ်သူဆိုတာ သိပြီလား"

"ပြောမှ သိမှာ ပေါ့"

"မပြောချင်ဘူး ... မင်းရဲ့ ကား ဘာမှ မဖြစ်ဘူးဆိုရင် မောင်းထွက်လိုက်တော့"

"ရမလား ... သူများက တောင်းပန်ရပြီးမှ ၊ ကျေလည်း မကျေနပ်ဘဲနဲ့ ဒီနေရာမှာ သိက္ခာတွေ ခဝါချပြီး ပြန်ထွက်ရမယ်လို့ "

"သိက္ခာမကျချင်ရင် ယောက်ျားလေးတစ်ယောက်နဲ့ ပတ်သက်ဖို့ စပြီး မကြိုးစားရဘူး"

"ခင်ဗျားကြီးကို ပတ်သက်ဖို့ ဒီက ကြိုးစားတယ် ဟုတ်လား"

သူက အထင်မြင်သေးစွာ ပြန်ကြည့်သည် ။ မဲ့မလိုရွဲ့မလိုဖြစ်နေသည့် နှုတ်ခမ်းတို့ က ကြည့်ရ မဆိုးဘဲ ပါးတစ်ဖက်မှာ ယောက်ျားပီသသည့် ပါးချိုင့်ရှည်တစ်ခုကို ဖန်ဆင်းနေသေးသည် ။ ဒါပေမဲ့ မိန့် ဆတ်ခနဲ မျက်နှာလွှဲ၍ ...

"ရတယ်လေ ... မကျေနပ်ရင်လည်း ပြီးတာပဲ၊ ယောက်ျားဖြစ်ပြီး စိတ်ဓာတ်က ကောက်ချိတ် ချိတ် ပုပ်စပ်စပ်"

"ဟော့ ..."

"ပိုသေးတယ် ဒီထက် ... ဟွန့်၊ ပြောဖို့ စကားလုံး ထပ်ရှာဦးမယ်၊ ဒီက မိကောင်းဖခင်သား သမီး ပီသစွာ သက်ကြီးရွယ်အိုကို အပြစ်လုပ်မိလို့ တောင်းပန်တာ၊ တကယ်ဆို ရေကူးကန်ကို ခဏ ခဏ အကြောင်းရှာ လာပြီး မိန်းကလေးတွေ ရေကူးနေတာကို ..."

"ဟော့ ... မင်း ..."

"ဟွန့် ..."

သူ ဘေးနားကပ်လာတာနှင့် မိန့်က တံခါးပိတ်လိုက်ပြီးသား ...

မှန်ထဲကနေ မဲ့ရွဲ့မျက်စောင်းထိုးကာ မျက်မှန်လေး ပြန်တပ်၏။ သူ ဒေါကန်ပြီး ကျန်ခဲ့တာကို ကျေနပ်လို့ မဆုံး ...။

တကယ်တော့ ဒါတွေကို အစပြန်ကောက်ပြီး မိန့်ကို ကိုကို အထင်သေးခြင်းပုဒ်မတွေ တစ်ခု ပြီးတစ်ခု တပ်လာနိုင်တာကို မထင်ခဲ့မိတာပါ ။ ခြံချင်းကပ်လျက်မှာ လူသစ်တွေ ပြောင်းလာကြတယ် ဆိုလို့ ချောင်းကြည့်လိုက်တော့ ကိုကိုပဲ ဖြစ်နေသည် ။

... သူရယ်ရင်း ပါးတစ်ဖက်မှာ ပါးချိုင့်နှစ်ခုနဲ့ ... မဒီတွေ အကုန်နှစ်သက်တာ ဘာဆန်းလဲ ...

မိန့် ပါးစပ်ထဲမှာ သီချင်းလေးတွေ ချက်ချင်းရောက်သွားသည် ။ ဘာဖြစ်ဖြစ် ဟိုတုန်းက ရင်ထဲမှာ လေးနက်ခဲ့တာ ဘာမှ မရှိ ...။

လူကြီးချင်း မိတ်ဆက်ကြ၊ ခင်မင်ကြ ဖြစ်လာတော့ မိန့် ဆယ်တန်းအောင်ဖို့ ကိုကိုက ရှယ် ဂိုက် ဖြစ်လာသည် ။

"စာကို ဂရုစိုက်ကွာ ... ကိုယ်က အလုပ်မအားတဲ့ ကြားက မင်းအတွက် အချိန်ဖဲ့နေရတာ"

"ကိုကိုကလည်း မိန့်က သီချင်းနားထောင်နေရင်း သန်းချာတွက်မှ စိတ်ပါတာ"

ကိုကို ခဏခဏ သက်ပြင်းချတတ်သည် ။ တွေ့စက အရမ်းဘဝင်မြင့် ခက်ထန်မယ့်သူလို့ ထင်ရပေမဲ့ တကယ်တမ်းကျတော့ မိန့်ကို အလိုလိုက်ခဲ့၏။

စာမေးပွဲတွေနီးတော့ ဂစ်တာမတီးရ၊ လျှောက်မလည်ရ စည်းကမ်းအိမ်က ထုတ်သည် ။ ကိုကိုက မိန့်ကို ခေါင်းတစ်ချက်ပွတ်ပြီး ချော့၏။

"စာမေးပွဲပြီးရင် မင်း လုပ်ချင်တာ အားလုံးလုပ်ရမယ်၊ စာကြိုးစားလိုက်" တဲ့ ...။

"စာမေးပွဲအောင်ရင် ကိုကို့ဆီက တစ်ခုတောင်းမယ် ပေးမှာ လား" လို့ မေးတော့လည်း "ပေးမယ်" လို့ ချက်ချင်း ခေါင်းညိတ်ခဲ့သည် ။

စာမေးပွဲကို လွတ်လွတ်ကျွတ်ကျွတ် ဖြေနိုင်ခဲ့သည့် အထိမ်းအမှတ်နှင့် ခြံထဲမှာ သူငယ်ချင်း ဆယ်ယောက်လောက်စုပြီး ကကြတော့လည်း ကိုကိုက ဟိုဘက်ဝရန်တာပေါ်ကနေ ခဏ လာရပ် ကြည့်ပြီး ပြန်ဝင်သွားသည် ။

အဲဒီလို ဟေးလားဝါးလား ခေတ်ဆန်ချင်တာတွေကို မကြိုက်ခဲ့ဘဲ တားလည်း မတားခဲ့ပေ။ အလိုလိုက်ဖို့ ပဲ ကြိုးစားနေသလိုမျိုး မျိုသိပ်နိုင်လွန်းသည့် ကိုကို့ မျက်ဝန်းတွေကို စာဖတ်ဖို့ လည်း သတိမရ ...။

... လူမြင်ရင် ငုတ်တုတ်မိုင် ကြွေသွားမယ် ...

... သူရယ်ရင် ပါးနှစ်ဖက်မှာ ပါးချိုင့်နှစ်ခုနဲ့ မဒီတွေ အကုန်နှစ်သက်တာ ဘာဆန်းလဲ ...

ကိုကို ဒီဘက်ကူးလာတော့ ကိုကို့မျက်နှာကိုကြည့်ပြီး ဒီသီချင်းလေး

ညည်း၍ မိန့်က ဂစ်တာ ခေါက်နေဆဲ ...၊ သူငယ်ချင်းတချို့က ပြန်ကုန်ပြီဖြစ်ကာ တချို့က ကြယ်လေးတွေ ရေတွက်ခေါက် ရင်း အနိုင်လုနေကြသည် ။ ကိုကိုက မိန့်ရဲ့ ဘေးမှာ ဝင်ထိုင်ကာ ...

"အဲဒီသီချင်းကို ကြိုက်လား ..."

"ကိုကိုရော ..."

"မင်းကို မေးတာလေ"

"ကြိုက်တယ် ... ကိုကို့ကို မြင်လိုက်တာနဲ့ အဲဒီသီချင်းကို သတိရတတ်တာလည်း အရသာ တစ်ခုပဲ၊ မိန့်ဆိုတာ ကောင်းလားဟင်"

"ကောင်းတယ် ... ဆိုတဲ့ ကောင်မလေးက ပိုချစ်ဖို့ ကောင်းတယ်"

ပြောပြီး မိန့်ရဲ့ ပါးလေးတစ်ဖက်ကို ဆွဲလိမ်သည် ။ ဒီဘက်လှည့်ကြည့်လိုက်သည့် နှင်းဆီ မျက်လုံးလေးတွေ ဝိုင်းသွားကာ ကမန်းကတန်းကျောခိုင်းရှာ၏။

"စာမေးပွဲပြီးသွားပြီလေ၊ ကိုယ့်ဆီက တောင်းမယ်ဆိုတာ ဘာလဲ"

ခပ်ဖျော့ဖျော့ အလင်းရောင်အောက်မှာ ကိုကို့မျက်နှာက ပိုချောနေသည် ။ ရှပ်အင်္ကျီလက်ရှည် အဖြူ၊ ချည်ပုဆိုးကွက်စိပ်နှင့် ကိုကို့ကို ပြုံးကြည့်မိကာ ...

"စာမေးပွဲအောင်မှ လေ ... ခုမှ ဖြေပြီးတာကို"

"အောင်မှာ သေချာနေတာပဲကွာ ... ဘာတောင်းမယ်ဆိုတာ အခု သိချင်တာ"

"ကိုကိုက မိန့် ဘာတောင်းမယ် ထင်လို့ လဲ"

တမင်လှအောင် ပုံသွင်းထားသည့် ခိုပြာရောင်မှောင်လက်နေသော

မိန့်ရဲ့ ဆံနွယ်ပျော့ပျော့ လေးတွေကို ကိုကိုက သေချာစိုက်ကြည့်သည် ။

ပြီးတော့ ကုပ်ထိရုံဆံပင်တိုတိုလေးကို လက်တစ်ဖက်နဲ့ တို့ ထိဆော့နေပြီး သက်ပြင်းချကာ ...

"မသိဘူး ... ဒါပေမဲ့ ကိုကို မင်းကိုပေးချင်နေတာက မင်းလိုချင်တာနဲ့ တိုက်ဆိုင်ချင်တာ"

မိန့်က ဆယ်တန်းဖြေပြီးကာစမို့ ကိုကို ဘာပေးချင်နေမှန်း မတွေးနိုင်။ ထို့ကြောင့် ဂစ်တာကို ထောင်လျက် ရင်ခွင်ထဲမှာ ဖက်ထားလိုက်ရင်း ရယ်ကာ ...

"မိန့်က မစဉ်းစားရသေးဘူး ကိုကိုရဲ့ ... ဒါပေမဲ့ ကိုကိုက စီးပွားရေးတွေ ဦးစီးဦးဆောင်ပြု နေတဲ့ သူဆိုတော့၊ ကိုယ်ပိုင်ငွေ ရှိနေပြီလေ ... ပူဆာရင်တော့ တန်ဖိုးကြီးမှာ ပဲ၊ လုံးဝ သေချာတယ်"

"ဒါဆို မင်းလိုချင်တာက ကိုယ်ပေးချင်တာနဲ့ မတိုက်ဆိုင်ဘူးဆိုတာ သေချာသွားပြီ"

"ဟုတ်လား ... ကိုကိုက ဘာပေးချင်တာလဲ၊ ပေးလေ ... မိန့်က ယူရမယ့်သူပဲဟာ ဘာပေး ပေးရတယ်"

"မိန့် ..."

"ဟင် ..."

"မိန့်ကို ကိုကို ချစ်တယ်"

"အယ် ..."

မိန့် မျက်လုံးလေးဝိုင်းသွားတော့ ကိုကိုက မိန့် ရင်ခွင်ထဲက ဂစ်တာကို ဆွဲယူလိုက်ပြီး တစ်ဖက်က မိန့် လက်လေးတစ်ဖက်ကို ဆွဲခေါ်သွား

၏။

မှောင်သည် လင်းသည် မမည်သော သူငယ်ချင်းတွေနဲ့ ကွယ်ရပ်လေးကိုရောက်မှ ရပ်လိုက် ကာ ...

"ကိုကို့ကို ပြန်ချစ်မယ်မို့လား"

"ကိုကိုကလည်း ..."

"ဟုတ်တယ် ... မင်းက ငယ်ပါသေးတယ်၊ ဒါပေမဲ့ ကိုကိုက မင်းကို စောင့်နေရင်း အရွယ်လွန် သွားမှာ ၊ ပြီးတော့ မင်း ဒီလောက်လှနေတာ ... တက္ကသိုလ်ကျောင်းသူအဖြစ် ချဉ်းနင်းဝင်ရောက်မယ့် အခန်းကို စောင့်ကြည့်ပြီး ရင်မောမနေချင်ဘူး"

" မဟုတ်ဘူး ကိုကို၊ မိန့်က ..."

"ဟုတ်လိုက်ပါကွာ ... ကိုကို့ကို ချစ်တယ်နော်၊ အမေနဲ့ အဖေ့ကို ဖွင့်ပြောလိုက်မယ်"

" မဟုတ်ဘူး ဆိုတာက မိန့်ကို မေမေတို့ က ..."

"သဘောတူမှာ ပါ ... ကိုကို ရအောင်ကြိုးစားမယ်၊ အခု လက်ထပ်ဖို့ ပြောမှာ မှ မဟုတ်တာ၊ မင်းကိုပိုင်ဆိုင်ခွင့်ရှိထားတဲ့ ကောင်ဆိုတာ သေချာထားချင်လို့ "

"အယ် ... ကိုကိုကလည်း အဲလိုမလုပ်ပါနဲ့ "

ဂစ်တာတစ်ဖက်နှင့် မိန့် ခါးလေးကို တစ်ဖက်ကနေ သိမ်းဖက်ကာ ပါးလေးတစ်ဖက်ကို ကိုကို နမ်းခဲ့သည် ။

အနမ်းနဲ့ ပတ်သက်သော ကိုကို့အကျင့်တစ်ခုသည် ရုပ်ရှင်ကြည့်ရင်း၊ လျှောက်လည်ရင်းနဲ့ လူ တွေအလစ်ငိုက်မှာ ဖက်ထားလိုက်တယ်၊ နမ်းချ

င်တယ်ဆိုတာမျိုး မရှိ ...။

သူများ တွေချစ်ကြသလို လက်ဖဝါးချင်းဖြစ်ဖြစ် ထပ်ဆုပ်ထားမယ်၊ ဘာဖြစ်လဲ ... ပခုံးလေး ပေါ်ဖြစ်ဖြစ် လက်တင်ထားပါလား။

ဒါတွေထိ ကိုကိုက ရှောင်ရှားတတ်ခဲ့သည် ။ မိန့်က လူငယ်ပီပီ တွဲသွားတွဲလာနှင့် ကြည်နူး သာယာချင်တာမျိုးကို ကိုကိုက အမြဲတမ်း ဆောရီး ...။

ကိုကို့အိမ်ကို မိန့် ရောက်သွားတဲ့ အခါ ဒါမှ မဟုတ် ကိုကို ဒီဘက် ကူးလာတဲ့ အခါ လူကြီးတွေ ရော ဘယ်အိမ်သားမှ မမြင်နိုင်တဲ့ ကွယ်ရပ်လေးတစ်ခုခုကျမှ နမ်းခွင့်ပါမစ် ရသလိုလို ...။

"ဘာဖြစ်လို့ မကြည်ဖြူသလို လုပ်နေတာလဲ မိန့်ရယ် ... ကိုကိုတို့ က လူစိမ်းတွေလား"

" မဟုတ်ဘူး ကိုကိုရဲ့ ၊ လူကွယ်ရာဆိုတာ ဘာလုပ်လုပ် အပြစ်ပိုကြီးတယ်၊ အထူးသဖြင့် ချစ်သူတွေဆို ဆိတ်ကွယ်ရာမှာ မှားတတ်တယ်"

မိန့်က ငြင်းလိုက်ရင် ကိုကို ဘယ်တော့မှ ဇွတ်မတိုးခဲ့ပေ။ နောက်ပိုင်းမှာ ကိုကို့ရင်ထဲက ဒဏ် ရာတွေကို မိန့် မမြင်ခဲ့ဘဲ မျက်နှာလေး ငဲ့ရှောင်လိုက်တာနှင့် ကိုကို မနမ်းဘဲ နောက်ပြန်ဆုတ်တတ် တာကို ကျေနပ်နေခဲ့သေးသည် ။

"ကိုကိုက ငါ့ကို အရမ်းအလိုလိုက်တာ" လို့ နှင်းဆီတို့ ကို ပြောဖြစ်တာ ခဏခဏ။ အလို လိုက်မှန်းသိတော့ နေရာတကာ "ငါရမှ " ဆိုသည့် လောဘတွေ ဖြစ်ခဲ့၏။

"ကိုကို ခုလာခဲ့နော် ... မိန့် ကိစ္စက အရေးကြီးနေလို့ "

"သုံးနာရီ မီတင်ရှိတယ် ချာတိတ်ရာ ... ပြီးတာနဲ့ ကိုကို ဖုန်းဆက်လို

က်မယ်"

"ဟင့်အင်း မသိဘူး ... ကိုကို မလာရင် မိန့် လာဆွဲခေါ်မှာ နော်"

ဖုန်းချပြီး သိပ်မကြာခင် ကိုကို မျက်နှာ မသာမယာနဲ့ ရောက်လာသည်။ ကိုကို့လက်ကို ပြေး ချိတ်၍ မိန့် ပျော်သွားတာတွေကို မေမေတို့ က သတိပေးသည်။

"အရမ်းအနိုင်လိုချင်နေတာ မကောင်းဘူးနော် သမီး၊ ကိုခမ်းက အလုပ်ကို အသက်လောက် တန်ဖိုးထားတဲ့ သူ၊ သမီးဖေဖေကလည်း မနေ့က ပြောနေတယ်၊ သက်တူရွယ်တူမဟုတ်ရင် အယူအဆ တွေ ကွဲပြားပြီး တစ်နေ့နေ့ ပြဿနာရှိလာနိုင်တယ်တဲ့ ၊ မင့်သမီးကို နေရာတကာ ကလေးမဆန်ဖို့ ပြောဦးတဲ့၊ သမီးကိုကိုကို ချစ်ရင် သူ စိတ်ပျက်အောင် မလုပ်နဲ့ " တဲ့ ...။

မိန့် ကို ကိုကို စိတ်ပျက်လာနိုင်တဲ့ အကြောင်းအရင်း ရှိမလာနိုင်ဘူးလို့ တစ်ဖက်သတ် ယုံကြည်နေခဲ့တာ မှားယွင်းခဲ့သလား ...။

စိတ်ပျက်နေပြီဆိုရင်လည်း မျိုသိပ်မထားပါနဲ့ လား ကိုကို။

အစတုန်းက ငယ်ရွယ်စိတ်နဲ့ ကိုကို့ကို လွယ်လွယ်ချစ်ခဲ့တာပေမဲ့ အဲဒီလို သည်းခံ အလိုလိုက် ပြီး ကိုကို တတိတိ ပစ်ထည့်ပေးသွားခဲ့တာ မိန့်ရဲ့ ဘယ်ဘက်ရင်အုံမှာ နင့်နေကာမှ ဆောရီးလုပ်ပြီး ကိုကို နှုတ်ထွက်သွားခဲ့တာ ...၊

မိန့်ရဲ့ နှလုံးအိမ်တစ်ခုလုံး ပိပြား ကြေမွကျန်ခဲ့ပြီ။

တကယ်ဆို စိတ်ပျက်လာအောင် မလုပ်ရဘူးဆိုတဲ့ မေမေ့ အမှာ စကားကို မိန့် အလေးအနက် ထားခဲ့သင့်သည်။

မိန့် ဘယ်သွားသွား၊ ကိုကို သွားတဲ့ နောက် ဘယ်ကိုဖြစ်ဖြစ် နှစ်

ယောက်အတူ သွားလာနေခဲ့ တာတွေကြောင့် မိန့် ဘက်မှာ ကိုကို စိတ်ပျက်ဖွယ်တွေချည်း ဖြစ်နေခဲ့တာ ဘာကိုမှ ဂရုမထားမိခဲ့ ...။

"သူငယ်ချင်းဖို့ မွေးနေ့လက်ဆောင်ဝယ်ကာ စိန်လက်စွပ် ဝယ်ရသလား မိန့်ရယ် ... ကိုကို နေရာတကာ မပြောချင်လို့ လည်း မရဘူးကွာ၊ ဒီလိုပေးတယ်ဆိုတာ ကိုယ့်ဆွေမျိုး၊ ကိုယ်နဲ့ တရင်း တနှီး ပတ်သက်ထားတဲ့ လူ ... ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

"ဒါဆိုရင်လည်း မပြောပါနဲ့ ကိုကိုရယ် ... မိန့် သူငယ်ချင်းတွေက တရင်းတနှီး ပတ်သက် ထားတဲ့ လူတွေပေါ့၊ မိန့် ဒီလိုပဲ တန်ဖိုးကြီးတာ တစ်ခုခု ပေးနေကျ၊ သူတို့ အတွက် တန်ဖိုးအရမ်းကြီး ပေမဲ့ ကိုယ့်အတွက်မှ အပန်းမကြီးတာ"

"အပန်းမကြီးဘူး ... ဟုတ်လား"

ကိုကိုဖြစ်သွားတဲ့ မျက်နှာက တအံ့တသြ။

အဲဒီလိုဖြစ်ခဲ့ကြတာကို မေမေတို့ အန်တီခင်တို့ လူစုံနေတုန်း ပြောပြီး ရယ်မိသေးသည် ။ အန်တီခင်ကတော့ ဟက်ဟက်ပက်ပက် မရယ်ခဲ့ဘူး ထင်သည် ။

မေမေကလည်း အန်တီခင်တို့ ပြန်သွားတော့ ဆူသေးသည် ။

"ပြောလည်း နားမထောင်ပါလား သမီးရယ်၊ သမီး အဲဒီလို သုံးစွဲနေတာ ယောက္ခမ ယောက်မ တွေရှေ့မှာ မပြောရဘူး"

"ဘာဖြစ်လဲ မေမေ၊ ကိုကိုတို့ နဲ့ မိန့်တို့ က အကြောင်းသိ ဓာတ်သိတွေဥစ္စာ၊ ပြီးတော့ ကျောင်း ပြီးတာနဲ့ လက်ထပ်မှာ လေ၊ ဘာတွေ လျှို့ဝှက်ဖို့ လိုလို့ လဲ"

" မဟုတ်ဘူး လေ သမီးရဲ့ ..."

"ဟုတ်ပါတယ် မေမေရာ ... သူတို့ တွေ ဘဝကို သုညကနေစခဲ့ရတယ်ဆိုတာ မိန့်တို့ သိထား တာပဲ၊ လက်ထပ်ပြီးရင်လည်း မိန့်က မေမေတို့ ဆီကပဲ ယူသုံးမှာ "

ကလေးဆန်လိုက်တာဆိုပြီး မေမေက မိန့် ခေါင်းလေးကိုပုတ်ပြီး ပြုံးနေသေးသည် ။ သမီး လေးတစ်ယောက်ပဲ မွေးထားတာမို့ ဒီသမီးသုံးဖို့ ပဲလို့ မေမေလည်း တွက်ထားခဲ့မှာ ပါ။

ဒါပေမဲ့ ကိုကိုက ဒီလိုတွက်ခဲ့တာ မဟုတ် ...။

"ရှော့ပင်ထွက်ဖို့ ယူလာတဲ့ ပိုက်ဆံတွေက ကျောပိုးအိတ်နဲ့ အပြည့်ပဲလား မိန့်၊ ကိုကို ဆွဲလာ ပေးရတာ ပိုက်ဆံအိတ်မှန်း ခုမှ သိတယ်"

"ဟုတ်တယ်လေ ... အပန်းဖြေခရီးထွက်ဖို့ ဆိုတော့ လိုအပ်တာ အကုန်ဝယ်ရမှာ ၊ သူများ နိုင်ငံတွေမှာ လို ကြွေးဝယ်ကဒ်နဲ့ သုံးလို့ မှ မရတာ ... သယ်ရတာပေါ့"

ပြန်လာတော့ ကျောပိုးအိတ်လေး ပျော့ဖတ်ဖတ်ဖြစ်လာတာကို ကိုကို သက်ပြင်းချ၏။

"မင်း ဒီလိုသုံးဖို့ ကိုကို ရှာနိုင်ပါ့မလားပဲ"

ဒီလိုစကားသံ ထွက်လာတဲ့ အထိ ကိုကို့ရင်ထဲမှာ ဘယ်လောက်လောင်မြိုက်နေခဲ့မှန်းလည်း မိန့် မတိုင်းတာခဲ့သေး ...။

"မပူပါနဲ့ ကိုကိုရယ် ... မိန့်နဲ့ ကိုကိုက တစ်ဦးတည်းသော သားနဲ့ သမီး၊ မိန့်အတွက် ကိုကို ပင်ပန်းခံနေဖို့ လည်း မလိုဘူး၊ အေးဆေးပါ"

ပြောလိုက်တိုင်း ကိုကို့ဘက်က အတိုက်အခံ တားဆီးတိုက်ဖျက်တယ်ဆိုတာ မရှိ ...။

"ညဘက် ပါတီတွေတက်တာ များ လွန်းတယ် မိန့်၊ ညကလည်း မင်းနဲ့ နှင်းဆီတို့ ပြန်လာတာ ကိုကို မြင်တယ်၊ ရှစ်နာရီခွဲနေပြီ"

"ကိုကိုကလည်း ဖေဖေ လာခေါ်မယ်ဆိုလို့ စောင့်နေတာပါ၊ မိန့်ဘာသာပြန်ရမယ်ဆိုရင် ခုနစ် နာရီခွဲလောက်ကတည်းက ပြန်မှာ "

"အဲဒါလည်း မကောင်းသေးဘူး၊ မိန်းကလေးတစ်ယောက် နေဝင်မိုးချုပ်တဲ့ အထိ လမ်းပေါ် မှာ သွားလာနေတာ ကောင်းမလား၊ ပြီးတော့ မင်း ဝတ်စားသွားတဲ့ ပုံကို ကြည့်ဦး၊ ပါတီဆိုတာက ..."

"ပါတီ မဟုတ်ပါဘူး ကိုကိုရာ ... မွေးနေ့ပါ"

"မိန့်ပြောတော့ မိန့်အတွက် အရင်းနှီးဆုံးက နှင်းဆီတို့ သုံးယောက်ပဲဆို၊ ဟိုတစ်ခါ နာရေး ဖြစ်လို့ အချင်းချင်းတွေမို့ ကြည့်မနေနိုင်လို့ ပါဆိုပြီး လက်စွပ်ချွတ်ပေးခဲ့သေးတယ်၊ အခု တရစပ် သွားနေရတဲ့ မွေးနေ့ပွဲတွေကရော အချင်းချင်းတွေပဲလား၊ မင်းရဲ့ အချင်းချင်းတွေကို ကိုကို စာရင်း ပြုစုထားဖို့ လိုပြီထင်တယ်"

ကိုကို့မျက်နှာမှာ ပထမဆုံး အပြုံးအရယ်မဲ့အောင် ဖြစ်လာခဲ့တဲ့ နေ့ ...

"အနည်းဆုံး စတော့ကင်ဖြစ်ဖြစ်၊ ကွာတားဘောင်းဘီဖြစ်ဖြစ် မင်းဝတ်သင့်တယ်၊ ပေါင် လယ်လောက်ပဲ ရှိတာလေးတွေက မင်းမှာ လည်း အန္တရာယ်ရှိတယ် မိန့်၊ ဘုရားရှင်လက်ထက်က စျာန်ရထားတဲ့ ရဟန္တာတောင်မှ မမြင်အပ်တဲ့ မိန်းမရဲ့ ခြေသလုံးသားထိ မြင်လိုက်ရပြီး စျာန်လျှောရ တယ်၊ အဲဒါ တမင်တကာ ဖြားယောင်းတာ မဟုတ်ဘူး ၊ မင်းတို့ ခေတ်မှာ ကျတော့ ပေါ်အောင် တမင် ဖော်တာ၊ ကောင်းတဲ့ ယောကျ်ားရော မကောင်းတဲ့ ယောကျ်ားတွေရော ဘယ်ကောင်ဖြစ်ဖြစ် ကိုယ့်စိတ်နှလုံး သုံးပါးမဟုတ်တောင် တစ်ပါးပါးနဲ့ တော့ ယစ်မူးနေကြမှာ ပဲ"

"မိန့် တစ်ယောက်တည်း ဝတ်တာလား ကိုကိုရဲ့ ..."

"ကိုကိုကလည်း ကိုကို့ချစ်သူကို ပြောနေတာ၊ ကိုကို လက်ထပ်မယ့်မိန်းမကိုပဲ လုံလုံခြုံခြုံ သိမ်သိမ်မွေ့မွေ့လေး ဖြစ်စေချင်တာ၊ ဘယ်နိုင်ငံမှ ဘယ်လိုဝတ်ကြဝတ်ကြ ကိုကိုတို့ နိုင်ငံမှာ ကိုယ့် ဘာသာ ကိုယ့် ယဉ်ကျေးမှုနဲ့ ၊ သူတို့ တွေ အရှိကိုအရှိအတိုင်း မြင်သလို ထင်သလို ပွင့်လင်းကြတာ လေ၊ ကိုကိုတို့ ယဉ်ကျေးမှုက ဟိရိဩတ္တပ္ပတရားပဲ၊ အရှိအတိုင်း ပွင့်လင်းလို့ မရဘူး၊ အဲဒါက ထိန်း သိမ်းသင့်တဲ့ အရာကို ထိန်းသိမ်းရမယ်ဆိုတဲ့ စည်းကမ်း၊ ကိုကိုပြောတာကို နားထောင်ကွာ ... ယဉ် ကျေးမှုနဲ့ လုံးဝ ဆန့်ကျင်စေမယ့် ဝတ်စားဆင်ယင်ပုံတွေ မဝတ်ပါနဲ့ "

ကိုကို အပြင်းအထန် တားမြစ်လာတော့ မိန့် ဆင်ခြင်လိုက်သည် ။

နောက်ထပ် ကိုကို့ကို နေရာတကာ ခေါ်မသွားတော့ဖို့ ဆုံးဖြတ်ခြင်းဖြင့် ရှောင်သည် ။ ကိုကို မမြင်အောင် ကွေ့ရှောင်သွားလာခြင်းဖြင့် နာခံခဲ့၏။ နောက်ပိုင်းအချိန်တွေမှာ မိန့် ဂစ်တာတီးတာ လည်း ကိုကို မကြိုက်။

(... သူရယ်ရင် ပါးနှစ်ဖက်မှာ ပါးချိုင့်နှစ်ဖက်နဲ့ ...)

သူ့အတွက်လို့ သတ်မှတ်ခဲ့တဲ့ ဒီသီချင်းလေးကိုတောင် အရင်လို မိန့်ရဲ့ ဘေးမှာ အတူတူကပ် ထိုင်ပြီး နားမထောင်တတ်တော့ပေ ...။

"ဂစ်တာတီးကြပြီဆို မိန့်က ဂစ်တာပိုက်ပြီး "က" တာ၊ မိန်းကလေးတွေချည်းပေမဲ့ အဲဒီ လောက် ရဲတင်းလာရင် ကလက်တယ် မိန့်ရဲ့ ... ကိုကို မကြိုက်ဘူး" တဲ့ ။

မကြိုက်တာတွေ ပြောသည် ။ မိန့်က နားထောင်လိုက်သလိုလိုနှင့်

ထင်ရာလုပ်၏။ နောက် ထပ် ကိုကို ဘာမှ မပြောဘဲနေလိုက်တော့ ဒီပြဿနာ ပြီးသွားပြီဆိုပြီး ထားခဲ့လိုက်သည် ။

တကယ်တော့ ပြီးသွားတာမဟုတ်ဘဲ ကိုကို့နှလုံးသားဖိုင်မှာ အတိအကျ ကျန်ရစ်တာဖြစ် သည် ။ ကိုကိုနဲ့ မိန့် ခဏခဏ စိတ်ကောက်၊ စကားမပြောဖြစ်လာသလို လူကြီးတွေလည်း ဖြေရှင်း ကြ၊ တောင်းပန်ရတာတွေ ရှိလာခဲ့မှန်း မိန့် တကယ်ကြားလိုက်ရမှ သိခဲ့၏။

"သမီးလေးကို အရမ်းအလိုလိုက်ခဲ့တာ ခင်ရယ် ... သမီးက ကလေးဆန်ပေမဲ့ မရိုင်းတတ်ပါ ဘူး၊ နောက်ပြီး သူငယ်ချင်းအပေါင်းအသင်းနဲ့ ပတ်သက်ရင် လက်ဖွာတာလေးပဲရှိတာ"

"ဟုတ်တော့ဟုတ်ပါတယ် ဇင်ရယ် ... ဇင်တို့ အတွက် သမီးမိန့် သုံးစွဲတာလောက်နဲ့ ဘာမှ ဖြစ်မသွားနိုင်ဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ သားက သူ့အဖေရဲ့ စိတ်၊ သူ့အဖေ ဆုံးမထားတဲ့ အပြော အဟောတွေနဲ့ ဘောင်ဝင်လာခဲ့တာ၊ ငွေအပေါ်မှာ ဇင်တို့ တွေ မြင်ကြတဲ့ အမြင်မျိုး သူတို့ မှာ မရှိဘူး၊ တို့ ကိုယ်တိုင်လည်း သားအဖေနဲ့ လက်ထပ်ကာစက အရမ်းကို အောင့်သီးအောင့်သက်နဲ့ ပြော မကောင်း ဆိုမကောင်းတွေ ဖြစ်ရတာ သိလား ... တို့ ကလည်း မိဘတွေလက်ထဲမှာ အရမ်းချမ်းသာခဲ့တာတော့ မဟုတ်ပေမဲ့ ပေါ့ပေါ့ပါးပါး သုံးစွဲလာခဲ့တာပဲလေ၊ ကိုမျိုးက အရမ်း စိစစ်တယ်၊ သူ့စိတ်က "ငွေရှိမှ " ဆိုတာ တစ်ခုပဲ"

"သားက ဒီတိုင်းပဲဆိုရင် သမီးလေးကို တို့ တော်တော် သင်ပြရဦးမှာပေါ့၊ ဘာပဲဖြစ်ဖြစ် သူ့ အဖေက ဒီအချက်ကို အလေးထားဖို့ ပြောခဲ့ပေမဲ့ တို့ က သဘောကျပါတယ်၊ အိမ်ထောင်တစ်ခုမှာ "စီးတဲ့ ရေ ဆည်တဲ့ ကန်သင်း" လေ၊ သမီးလေးကတော့ "ဆည်တဲ့ ကန်သင်း" ဖြစ်လာဖို့ မရှိဘူးမို့ လား ... သူ့ကို ယုယမြတ်နိုးပြီး ဆုံးမလမ်းပြမယ့်သူနဲ့ မှ ဖြစ်မှာ "

လူကြီးတွေ စကားပြောနေကြတာကို ခိုးနားထောင်ပြီး မိန့် ပခုံးလေး တွန့်မိသည် ။ ကိုကို ဘယ်လိုလူပဲဖြစ်ဖြစ် အဲဒီအချိန်မှာ ကိုကို့ကို မိန့် အ ရမ်းချစ်နေပြီမို့ စိတ်ပျက်ရမှန်းလည်း မသိ ...။

စိုးရိမ်ထိတ်လန့်စရာလို့ လည်း မမြင်၊ ဘာတွေဖြစ်ဖြစ် ကိုကို့ကို တစ်နေ့နေ့မှာ မိန့် လက်ထပ် မှာ ပဲဖြစ်သည် ။

ကိုကို မျက်နှာညိုခဲ့တာတွေ၊ စကားပြောတိုင်း အဆင်မပြေဖြစ်တတ် လာတာတွေ အားလုံး သည် ကိုကို လိုက်လျောလိုက်တဲ့ တစ်ခုမှာ ပဲ အားလုံး ပျောက်ကွယ်၏။

မှတ်မှတ်ရရ ကိုကို့ကို မိန့် အံ့သြလောက်အောင် ဒေါသတွေ တနင့် တပိုးဖြစ်သွားခဲ့တာ မြတ်ရဲ့ အစ်မဝမ်းကွဲ မင်္ဂလာဆောင်တဲ့ နေ့။

"ဘယ်လို သမီး၊ ငှားလိုက်တဲ့ စိန်တစ်ဆင်စာ မိန်းကလေးက အတု တွေမှတ်ပြီး ဆိုင်မှာ ရော သောပြန်အပ်လိုက်တယ် ဟုတ်လား"

"ဟုတ်တယ် မေမေ ... သူတို့ မိသားစု ဝတ်ဖို့ အတုတွေ တစ်ဆင်စာ စီ ငှားထားကြတာ၊ အဲဒါ တွေနဲ့ ရောပြီး ..."

"အမလေး သမီးရယ် ... အတုနဲ့ အစစ် မခွဲတတ်လောက်အောင် မမြ င်ဖူးတဲ့ လူတွေကို သမီး က ငှားလိုက်တယ် ဟုတ်လား၊ ကလေးကို ယှဉ် ပြ မေးရင်တောင် အတုမှန်း အစစ်မှန်း မခွဲတတ်ပေမဲ့ ဒါလေးတွေက ပို လက်တယ်လို့ တော့ ပြောနိုင်မှာ ပါ"

"ဟုတ်ရဲ့ လား ဇင် ... ဒါ လိမ်လည်မှုလို့ ကိုယ် ထင်တယ်နော်"

"ဟာ ... မဟုတ်ဘူး ဖေဖေ ... လုံးဝ မဟုတ်ဘူး ..."

မိန့်တို့ ပြဿနာတက်ကြတော့ အန်တီခင်တို့ လည်း အားလုံးရှိနေ ကြသည် ။

"မြတ်နဲ့ လည်း မဆိုင်ဘူး၊ အဲဒါက ..."

"တော်ပြီ သမီး၊ ဒါ ငြိမ်နေလိုက်ရမယ့်ပြဿနာမျိုး မဟုတ်ဘူး "

"ဟုတ်တယ် ကိုကောင်း၊ စိန်တစ်ဆင်စာဆိုတဲ့ တန်ဖိုးက နည်းတာ မဟုတ်ဘူး ၊ နောက်ပြီး ..."

"မလုပ်ပါနဲ့ ... အန်ကယ်လ် နေပါဦး၊ အန်ကယ်လ် ပြောသလိုလည်း မဟုတ်ဘူး ၊ ဖေဖေ မိန့် ကို ပြန်ကြည့်ပါဦး ဖေဖေရယ် ... မိန့်ရဲ့ သူငယ်ချင်းတွေ ဖြူစင်ပါတယ်၊ ဒါ ဘယ်လိုဖြစ်သွားတယ် ဆိုတာလည်း မိန့် သိတယ်၊ အားလုံး ပြန်ရမှာ ပါနော် ... ဖေဖေ ရက်ရက်စက်စက်လုပ် မယ်ဆိုရင် အဲဒါ မိန့်ကို ရက်စက်လိုက်တာနဲ့ အတူတူပဲ"

သမီးဖြစ်တဲ့ သူ မျက်ရည်ကျပြလိုက်တာနှင့် မိဘတွေက ချက်ချင်း အသံတိတ်ကုန်သည် ။

ကိုကိုက မိန့်ကို ခွင့်မလွှတ်နိုင် ...။ အားလုံးနဲ့ အလှမ်းကွာတဲ့ နေရာ ထိ ဆွဲခေါ်သွားခဲ့ပြီး မိန့် ရဲ့ ပခုံးလေး နှစ်ဖက်ကို ဆွဲခါပစ်၍ ...

"ကိုယ်နဲ့ တော့ မဆိုင်သေးဘူး မိန့်၊ ဒါပေမဲ့ မင်းကိုမပြောဘဲနေလို့ ကို မရတော့တာ၊ စိန် တစ်ဆင်စာရဲ့ တန်ဖိုးကို မင်းသိရဲ့ လား ... မင်း အဲဒီလို စိန်ခဲမှန်းမသိ ကျောက်ခဲမှန်းမသိ သုံးဖြုန်း ဆော့ကစားပစ်နိုင် အောင် မင်းရဲ့ ဘိုးဘွားမိဘတွေ ဘယ်လိုရှာလာခဲ့ရသလဲ ... အဲဒါရော မင်းသိလား ..."

"သိတယ် ... မိန့် သိပါတယ် ကိုကိုရယ်၊ အခု မိန့် ဒီပစ္စည်းတွေကို ပြ န်ရအောင် ..."

"ပြန်ရရ မရရ မင်းရဲ့ လုပ်ကွက်တွေ တစ်ခုမှ အထာမကျတာကို ကို ယ်ပြောနေတာ"

"ကိုကိုရယ် ..."

ရှန်းလေ ကိုကို အတင်းဖိဆုပ်ထားလို့ ပိုနာလေ ...၊

"မိန့် ရှင်းပြပါရစေ ကိုကိုရယ်နော် ... ခဏလေး လွှတ်ပေးပါ၊ မြတ်တို့ မိသားစုကလေ ..."

"ကိုယ်ပြောပြီးပြီ မိန့်၊ မင်းသူငယ်ချင်းတွေနဲ့ မင်းရဲ့ သစ္စာမေတ္တာတွေရော မင်း ဘာလုပ်နေ နေ ခွင့်လွှတ်ဖို့ အသင့်ရှိနေတဲ့ မင်းမိဘတွေရဲ့ မေတ္တာအင်ပါယာရော အဲဒါအကြောင်း ထားလိုက် တော့၊ မင်း ဘယ်လိုမိန်းကလေးလဲဆိုတာပဲ ပြောရအောင် ..."

"ကိုကို ..."

"မင်းက ကလေးလို နွဲ့ဆိုးဆိုးတတ်တာသက်သက် မဟုတ်ဘူး ၊ အခြေအနေ အချိန်အခါ လုပ် ပိုင်ခွင့်အားလုံး ရသလောက်ယူချင်တာ၊ ဘာတွေရနေပါစေ ကိုယ်ရနေတဲ့ အခွင့်အရေးတန်ဖိုးကို နားမလည်တာ ၊ မင်း ဘယ်လောက်ချမ်းသာနေနေ မင်းအပေါ်မှာ ဘယ်သူတွေ ဘယ်လောက်တန်ဖိုး ထားထား မင်းအတွက် အမြဲတမ်း တန်ဖိုးမဲ့နေမှာ ပဲ"

"ကိုကို မိန့်ကို အဲသလောက်မပြောနဲ့ "

"အဲသလောက် မပြောဖြစ်အောင် နည်းနည်းချင်းစီ ဖဲ့ခြွေသင်ပေးဖို့ ကိုယ် ကြိုးစားဖူးတယ်၊ အရာမထင်နိုင်ဘူးထင်လို့ နောက်ဆုတ်နေလိုက်တာ၊ မင်းက လိုတရသမီးပဲ မိန့်၊ ဆုံးမစကားလည်း ကြားဖူးမှာ မဟုတ်ဘူး ၊ ကြားလည်း နားဝင်ချိုမှာ မဟုတ်ပါဘူး၊ မင်းကိုမှ အရှုံးအမှူးစွဲလမ်းနေမိတဲ့ ကိုယ်က မင်း မုန်းသွားမှာ ကြောက်တော့ မျိုသိပ်ခဲ့ရတယ်၊ ဒါပေမဲ့ အခုကစပြီး ပြောရတော့မယ်"

"ဟင့်အင်း ... ကိုကို ဘာတွေပြောနေတာလဲ၊ မိန့် အဲလောက်ထိ မ

ရှိင်းခဲ့ဖူးဘူး၊ ကိုကိုနဲ့ ပတ်သက်လာတိုင်းလည်း မလိုက်နာနိုင်တာ ရှိရင် တောင် မထီမဲ့မြင် မလုပ်ခဲ့ဘူး၊ ခုဖြစ်ရတဲ့ ပြဿနာ က မိန့်တို့ နဲ့ လည်း ဘာမှ မဆိုင်ဘူးမို့လား ကိုကို၊ မိန့်ကို မဆူပါနဲ့ တော့ ... နော်"

ဒေါသတွေ ဆူပွက်နေတဲ့ ကိုကို့မျက်နှာကို မမြင်ရဲသလို ဖြစ်ခဲ့ရ သည် ။ ကိုကို တစ်ခုခု ဆုံးဖြတ်တော့မယ်ဆိုတာ တစ်ယောက်ယောက် က နားနားမှာ ကပ်ပြီး သတိပေးနေသလို အလိုလို ခံစားမိလာ၏။

ဒါကြောင့် ကိုကို ရှေ့ဆက်ပြောမလာအောင် မိန့် ခေါင်းတခါခါနှင့် တောင်းပန် တားဆီးပေမဲ့ ...

"မင်းကို မဆူချင်ပါဘူး၊ မင်းမုန်းသွားမှာ ကို ကြောက်နေသမျှ ကိုယ် က မင်းပတ်ဝန်းကျင်ထဲ က တန်ဖိုးများ စွာထဲက တစ်ခုပဲ"

"မိန့် အပေါ်မှာ ကိုကို အမြင်လွဲနေတာ၊ တကယ်တော့ ကိုကိုက မိန့် အတွက် အချစ်ဦး၊ မိဘ ကလွဲရင် မိန့် အချစ်ရဆုံးက ကိုကိုပါ"

"ကျေးဇူးပါပဲ"

ကိုကို့လက်တွေ လွှတ်ပေးလိုက်တော့လည်း မိန့် တွယ်ရာမဲ့သွား သလို လှိုက်ခနဲ ကြေကွဲ လှစ် ဟာသွားခြင်းက တင်စားပြစရာ မရှိ ...။

"ကိုယ် မင်းကိုချစ်တယ်၊ ဒါပေမဲ့ ..."

ကိုကို့ရဲ့ ဒါပေမဲ့က နောက်ထပ် ဆက်ရန်စကား မပါခဲ့ပေ။ နောက်ရ က်များမှာ လည်း ဖုန်း ဆက်တိုင်း မကိုင်၊ သွားတွေ့ပေမဲ့ အလုပ်တွေရှုပ် နေတတ်ကာ အတူတူသွားလာဖို့ ခေါ်တော့ တစ်ခါ တလေပဲ ရောက်လာ တတ်၏။

"ဟုတ်တယ် မိန့်၊ နင့်ကိုကို တစ်ခုခုတော့ ဖြစ်နေပြီ"

"အသစ်တွေ့တယ်ပြောရအောင် သူ့ကြည့်လိုက်တိုင်း အလုပ်နဲ့ အိမ်ပဲ ရှိနေတဲ့ ဟာ ..."

"ပြောလို့ ရမလား ... ငါတို့ က နေ့စဉ် သူ့ကို ထိုင်ကြည့်နေနိုင်တာမှတ်လို့ ၊ ခုခေတ်မှာ အဲဒီလို ခပ်မိမိရုပ်ရှိရေလျှံဆိုရင် ကလေးအဖေ မုဆိုးဖိုတွေတောင်မှ ဝိုင်းဝိုင်းလည်နေတတ်တာ၊ ကိုခမ်းကို လျှော့မတွက်နဲ့ ၊ မိန့်ကို ပညာပြပြီဆိုကတည်းက မရိုးတော့တာ သေချာတယ်" တဲ့ ။

သူငယ်ချင်းတွေ ပြောနေကြတာ နားထောင်ရင်း နှစ်သိမ့်ကြတာလား၊ ငိုချင်ရက် လက်တို့ ဆို သလို ဖြစ်နေသလား။ ဘာမှန်းမသိဘဲ ငိုချင်ရယ်ချင် ဖြစ်နေခဲ့သည် ။ ခဏခဏ မျက်ရည်ဝဲနေတတ် ခဲ့ပြီး ရည်းစားပူမိခြင်းဆိုသည့် ခံစားချက်က နှိပ်စက်လာ၏။

"ငါတို့ သူငယ်ချင်း အမြဲတမ်း ပျော်ပျော်နေလာတာ ဒီလူနဲ့ ကျမှ ငိုရမဲ့ရတာတွေ မြင်လာရပြီ၊ ဂရုစိုက်မနေပါနဲ့ ဟာ ... ရင်ထဲမှာ ခံစားနေရရင်တောင် တင်းထားလိုက်၊ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ပေါ့"

ဒီလိုပြောကြတာတွေကျတော့ မိန့် ခေါင်းမညိတ်နိုင်၊ ဘာဖြစ်ဖြစ် ကိုကို့ကို ချစ်နေခဲ့သည် ။ ဘယ်လိုတင်ထားထား မျက်ရည်ကျတာပဲဖြစ်ကာ မုန်းဖို့ မေ့ဖို့ ဆိုတာ အဝေးကြီး ...။

နောက်ဆုံး ကိုကို့ကို လုံးဝမတွေ့တော့တဲ့ အထိ မိန့် ကိုကို့ကို ရှာနေမြဲ၊ မျှော်နေဆဲဖြစ်ကာ မေမေ ယူလာတဲ့ သတင်းတစ်ခုကို ကြားရတော့မှ ...၊

"သမီးလေးကိုတော့ ပြောရခက်ပြီး အစ်ကို၊ ခင်ကလည်း တောင်းပန်နေတာပါပဲ၊ ဒါပေမဲ့ ကိုယ့်အခြေအနေနဲ့ ပယ်စာရင်းထဲမှာ ပါခဲ့ရတာတော့ ခံရခက်တယ်"

"အခြေအနေဆိုတာက ရင်ထဲက ခံစားချက်နဲ့ သက်ဆိုင်တာ မဟုတ်ဘူး ၊ ငါတို့ တွေလည်း ဘာမှ လွှန်လွှန်ကျွံကျွံ စီစဉ်ရသေးတာမှ မဟုတ်တာ၊ ဘာတတ်နိုင်မှာ လဲ ... ဒါ သူတို့ ဘက်က ရွေးချယ်ခွင့်ရှိနေတဲ့ အခွင့်အရေး"

မေမေတို့ က ကွယ်ရာမှာ ပြောနေကြတာပေမဲ့ မိန့် လှစ်ခနဲ ပြေးဝင်သွားပြီး မေမေ့ရှေ့မှာ ပုံခနဲ ထိုင်ချလိုက်မိသည် ။

ပြီးတော့ ကမ္ဘာပြိုမတတ် မျက်ဝန်းတွေ ဝိုင်းဝိုင်းလည်လျက် ...

"ဘာဖြစ်လို့ လဲ မေမေ၊ အခု ကိုကိုက ဘာဖြစ်လို့ လဲ ... မိန့်ကို ပြောပြပါ"

"မရှုးသွပ်နဲ့ သမီး၊ သမီးက မိန်းမငယ်လေး မဟုတ်တော့ဘူး၊ သူက နောက်တစ်ယောက်ကို လက်ထပ်တော့မယ်ဆိုတာနဲ့ ထဘီစွန်တောင်ဆွဲပြီး ရှူးတော့မှာ လား"

"ဟင့်အင်း ... ကိုကို အဲဒီလိုမဖြစ်နိုင်ဘူး၊ မိန့်နဲ့ ကိုကို သိပ်ချစ်ကြတာ၊ မေမေ့ကို ကိုကို ကိုယ်တိုင် ပြောလိုက်တာလားဟင်၊ ကိုကို ပြောတာလား ... မိန့် ခုသွားမေးမယ်"

"သမီး ..."

"သမီး ပြန်လာစမ်း"

မိန့် တအားပြေးခဲ့သည် ။ ကိုကို့ဆီ ကူးသွားနေကျ ခြံနှစ်ခြံကြားက မလွယ်တံခါးလေးကို ကိုယ်နဲ့ ပွတ်တိုက် ဖွင့်ပစ်လိုက်ပြီး တိုက်ကြီးဆီ ဆက်ပြေးခဲ့၏။

သို့သော် မိန့် ပေါ်တီကိုရှေ့ကို ဖြတ်အပြေးမှာ နောက်ကနေ ငြိမ့်ခနဲ ထိုးရပ်လိုက်သည့်ကား ကြောင့် ပြေးသည့်အရှိန်နှင့်လူကို တွန်းလှဲလိုက်

သလိုရှိကာ ...

"အား ..."

* * *

# အခန်း (၅)

"မိန့် ... မိန့် ... ဘာဖြစ်တာလဲ"

ခေါ်သံတွေက အရင်ဝင် လာပြီး ပြေးလွှားလာသံတွေကြောင့် မိန့် မျက်လုံးတွေ ဖွင့်သွားသည် ။ ထိုင်ခုံပေါ်ကနေ အိပ်ပျော်သွားပြီး ခေါင်းချည်းပဲ ငိုက်ခနဲ စောင်းကျသွားသဖြင့် ရင်ထဲမှာ အေးခဲသွား ၏။

အိပ်မက်ထဲမှာ လို အကြီးအကျယ် ပြိုလဲသွားပြီဆိုသည့် အသိနှင့် ကိုယ့်ကိုယ်ကိုယ် မဟား တရား ပြန်ထိန်းလိုက်ခြင်းကြောင့် စားပွဲနဲ့ တိုက်မိ၊ တံတောင်နဲ့ တွတ်မိ။

ဒုန်းခနဲ ဒိုင်းခနဲအသံတွေပါ ဖြစ်ကုန်ပြီး စားသောက်ဖို့ လာခေါ်ကြသည့် နှင်းဆီတို့ အခန်း ရှေ့ မရောက်မီလေးမှာ ပဲ ပြေးလွှားရောက်လာရသည့်အဖြစ်သို့ ရောက်ကုန်၏။

နောက်ကျခြေထောက် သစ္စာဖောက်နှုန်းနှင့် အခန်းထဲ ပြေးဝင်သွားကြလျှင် မိန့်က နီရဲမို့အစ် နေသော မျက်နှာလေးမှာ မခြောက်တခြောက် မျက်ရည်တွေ မျက်တောင်ဖျားတို့ မှာ စိုနေဆဲ ...။

"အသံကြားလိုက်တယ် ... ဘာဖြစ်တာလဲဟင်"

"ဒုန်း ... ဆို အကျယ်ကြီးပဲ"

ခုချိန်ထိ တံတောင်ဆစ်လေးကို ပွတ်နေဆဲမို့ မြတ်က မိန့်ရဲ့ လက်

လေးကိုဆွဲကြည့်ကာ ...

"ဟယ် ... နီသွားတာပဲ၊ ဘာဖြစ်တာလဲ"

"အိပ်ပျော်နေတာလား ... မျက်လုံးတွေလည်း ရဲနေတာပဲ"

"ဟုတ်ရဲ့ လား ကြည့်ပါဦး ဒီပါရယ် ... မယ်မိန့် မျက်ရည်နဲ့ မျော အောင် ငိုနေတာလား မသိ ဘူး၊ ဒါ နောက်ဆုံးခံစားမှာ ပါ ဆိုပြီးတော့ ..."

"ဟဲ့ ... ဟုတ်လား မိန့်၊ ငိုတာဆိုလည်း "ဒုန်း" "ဒုတ်" ဆိုတာတွေက ဘာသံတွေလဲ ... ငါတို့ အေးဆေးတက်လာကြတာ၊ ဒီနားရောက်မှ အ သံကြားပြီး မာရသွန်ပြေးရတော့တယ်"

မိန့် ဘာဖြေရမှန်းမသိဘဲ မျက်နှာတစ်ပြင်လုံးကို မညှာမတာ ဖိပွတ် ပစ်သည် ။ ပွတ်နေရင်း မျက်ဝန်းတွေထဲမှာ စိုစွတ်လာတော့ မွေနှောက် နေမိသည့်လက်ကို တော်တော်နဲ့ ပြန်မရုပ်ဖြစ်ဘဲ မျက်နှာကိုပါ ငုံ့ထား လိုက်မိသည် ။

အတိတ်ထဲကို ပြန်ရောက်သွားခဲ့တာ အိပ်မက်မှ မဟုတ်ခဲ့ဘဲ။

ဒီနေ့မဟုတ်သော မနေ့တစ်နေ့က ကြေကွဲခြင်းများက ကိုယ့် ရင်ဘတ်ထဲမှာ ဘယ်လောက်ထိ လောင်ကျွမ်းခဲ့သည် ဆိုတာကို တိုင်း တာပြနေကြသည် ။ ကိုကို့ကို သူမ ဒီလောက်ထိ လွမ်းနေဆဲ ...။

မုန်းခဲ့ကြလို့ မေ့ထားခဲ့တယ်ဆိုရင်တောင် ဖြေသာဦးမှာ ပါ ကိုကို၊ ခု တော့ ...၊ အရှင်လတ် လတ် ရင်ခွဲပြီး ဆားနဲ့ ပက်သွားခဲ့သလိုကြီးပါ။

"ဟော့တော်"

မိန့် ဟင့်ခနဲ ငိုလိုက်လျှင် ပြောနေကြသည့်စကားသံတွေ တိခနဲ

တိတ်ကျသွား၏။ ပြီးတော့ မိန့် လက်ထဲမှာ ဆုပ်ကိုင်ထားသည့် အယ်လ်ဘမ်သေးသေးလေးနဲ့ ဓာတ်ပုံတစ်ပုံ ...။

"ပြန်ရအောင် ..."

"ဘယ်လို ..."

မျက်ရည်တွေကို ဘယ်ညာ ပွတ်တိုက်သုတ်ကာ မိန့် ချက်ချင်း ထရပ်ပြန်၏။

"ငါ ဒါတွေ ပြန်ထားချင်လို့ လာခဲ့တာပါ"

မိန့် ကိုင်နေကျ အမှတ်တရဓာတ်ပုံတွေနဲ့ အယ်လ်ဘမ်လေးကို နှင်းဆီတို့ သိပြီးသားပါ။ သပ်သပ်ကိုင်ထားသည့် ဓာတ်ပုံတစ်ပုံကို စားပွဲပေါ်က ဖွင့်လျက်သား အယ်လ်ဘမ်ကြီးပေါ် အသာ လေး တင်လိုက်တော့ သဘောပေါက်သွား၏။

ကိုခမ်းရဲ့ အယ်လ်ဘမ်ထဲက ဓာတ်ပုံတစ်ပုံကို မိန့် ထုတ်ယူကြည့်တာဖြစ်သည် ။ ထိုပုံကိုရော ယူလာသည့် အယ်လ်ဘမ်လေးကိုပါ အတူတူ ချထားလိုက်တော့ စားပွဲပေါ်မှာ အယ်လ်ဘမ်အကြီးနဲ့ အသေးလေးနှစ်အုပ်က ယှဉ်လျက် ...

အကြီးပေါ်မှာ တော့ ကိုခမ်းနဲ့ သူ့ရဲ့ ချစ်ဇနီးက လက်ချင်းချိတ်လျက် ဝင့်ကြွားစွာ ...။

"သမီးတို့ ဘာမှ မစားရသေးဘူးလား ... မဆာသေးရင် ခြံထဲမှာ ဂစ်တာတီးကြလေ၊ အန်တီ ဘာလုပ်ပေးရမလဲ"

ဒေါ်ခင်သန္တာက အထဲမဝင်ဘဲ တံခါးဝမှာ ပဲ ရပ်နေပြီးပြောသည် ။

ဒါပေမဲ့ လေးယောက်စလုံး ငူငူငိုင်ငိုင်တွေဖြစ်နေကြသဖြင့် အထဲကို

တစ်လှမ်းချင်းဝင်လာ ကာ ...

"သမီးမိန့်က ဩော် ... ဟို ..."

ခမ်းရဲ့ မင်္ဂလာဆောင်ပုံတွေပါသည့် အယ်လ်ဘမ်မြင်တော့ ဒေါ်ခင်သန္တာ မျက်နှာပျက်သွား ၏။ သား ဒီအယ်လ်ဘမ်ကို ဘာဖြစ်လို့ ယူမသွားတာလဲ ...။

မင်္ဂလာပွဲပြီးတာနဲ့ ခရီးထွက်သွားတာမို့ ဓာတ်ပုံတွေကို သေချာမကြည့်ရသေးဘူးလို့ မိန်းကလေး ပြောနေသံ ကြားလိုက်သေးသည် ။

ထည့်ယူသွားရအောင်လို့ ပြောတာလည်း ပါ၏။ ဘာဖြစ်လို့ ထားခဲ့ပါလိမ့် ...။ စိတ်ထဲမှာ တကယ်မကောင်း။ သားရဲ့ အခန်းထဲမှာ သား ကိုင်တွယ်ခဲ့တဲ့ ပစ္စည်းတွေ ထိုင်ကြည့်ပြီး မိန့် အလွမ်း ဖြေမှာ ပဲလို့ ထင်ခဲ့သည် ။

ဒီပစ္စည်း ဒီလိုရှိနေမည်လို့ လည်း မထင်ခဲ့တာ အမှန်ပါ။ ခုတော့ ဒါကိုမြင်စေချင်လို့ သော့တွေ တမင်လာပေးသလို ဖြစ်ခဲ့ရပြီ ...။

"သမီးရယ် ... ဒါကို အန်တီခင် ..."

ဘယ်လိုရှင်းပြရမှန်း မသိပေမဲ့ ကြိုးစားမိသေးသည် ။ မိန့် ဆိုတဲ့ မိန်းကလေးဟာ သားအပေါ် မှာ ဆိုးနွဲ့ရင်းနှီးနေခဲ့သော်လည်း ဒီအိပ်ခန်းရဲ့ ရှေ့ထိတောင် တစ်ခါမှ လာမရပ်ခဲ့ဖူးပါ။

"ကိုကိုရေ မြန်မြန်ဆင်းခဲ့နော်"

"ကိုကို မိန့် စောင့်နေတာ ကြာနေပြီ"

စသဖြင့် အောက်ထပ်ကနေ မျက်နှာလေးမော့ အော်နေတတ်တာကလွဲ၍ ...

"မိန့် ပြန်တော့မယ် အန်တီခင်၊ ဒါလေး ထားခဲ့မယ်နော်"

"ဟင် ..."

"ဓာတ်ပုံတွေပါ ... ကိုကို့ဇနီးရှေ့မှာ မပေးပါနဲ့ နော်၊ အန်တီခင်ပဲ ကိုကို့လက်ထဲ ... ဟို ဒါမှ မဟုတ်လည်း တစ်ခုခု လုပ်ပစ်နော်"

ငိုထားသည့်မျက်နှာလေးကိုကြည့်၍ ဒေါ်ခင်သန္တာ ဖြေသိမ့်ပေးစရာ စကားစ ရှာမရ။ သူငယ် ချင်းဆိုသည့် မိန်းကလေးတွေကအစ ဝိုင်းငိုကြတော့မယ့် မျက်နှာလေးတွေ ဖြစ်နေကာ နှုတ်ခမ်းလေး တွေ မသိမသာ တင်းလို့ ...။

အားလုံး ထွက်သွားတဲ့ အထိ ဘာမှ မပြောလိုက်နိုင်ဘဲ ကျန်ခဲ့သည် ။ ထိုစဉ် ဖုန်းလာလို့ ကောက်ကိုင်လိုက်တော့ သားဆီက ...။

"အမေလား ..."

နားမှာ ကပ်လိုက်တော့ ခမ်း အသံကို ကြားသည် ။ ဒါပေမဲ့ ဘာမှ ပြန်မပြောနိုင်သေးဘဲ လှေ ကားရင်းရောက်သွားပြီဖြစ်သည့် ဆံနွယ်ပျော့ပျော့နွဲ့နွဲ့လေးတွေရှိသော မိန့်ရဲ့ ခေါင်းလေးကို လိုက် ကြည့်နေခဲ့၏ ။

"သမီးကိုကိုဆီက ဖုန်း" လို့ လှမ်းအော်ပြောလိုက်ရင် ပြန်ပြေးတက်လာမလား၊ ဒါမှ မဟုတ် ဓာတ်ပုံအယ်လ်ဘမ်ကအစ ပြန်ပေးသွားခဲ့သလို အားလုံးကို တကယ်ပဲ ပြည်ဖုံးကားချခဲ့ပြီလား ...။

မြင်ကွင်းထဲကနေ အားလုံးပျောက်ကွယ်သွားကြတော့ မိမိတပ်မက်သည့် တစ်စုံတစ်ရာကို ဆုံးရှုံးလိုက်ရသလို ရင်ထဲမှာ စူးနစ်ကျန်ရစ်၏။

"အမေမို့လားဟင်၊ ကျွန်တော်တို့ ပြန်လာတော့မှာ "

ခမ်း ဆက်ပြောနေတာကိုလည်း ကြားနေပေမဲ့ စိတ်က လူနဲ့ မကပ်။ ကိုမျိုးရော သူပါ မိန့်ကိုပဲ ချစ်ခဲ့ကြသည် ။ ကိုမျိုးက လူကိုချစ်ပေမဲ့ ကလေးဆန်ပြီး သုံးစွဲ မဆင်ခြင်တာကို မကြိုက် ...။

သူမကတော့ မိန့်ကို ဘယ်လိုနေနေ ချစ်ခဲ့သည် ။ သားနဲ့ လက်ထပ်ပြီး ချွေးမလေးလိုရော သမီး လေးလိုပါ အပိုင်ယူထားချင်၏။

မိန်းမချင်းမို့ နားလည်နေတာက မိန့်က ကလေးဆန်တာလေးပဲ ရှိတာပါ။ သားကိုချစ်သည် ၊ ဖြူစင်သည် ။ ဆူဆူငေါက်ငေါက် ကလေးဆန်ဆန်လေးနဲ့ ပဲ နာခံရှာ၏။ ကိုယ့်ထက် အများကြီး ချမ်း သာနေတာတောင် မာန်မာနဆိုတာ မရှိ ...။

ယောက်ျားနဲ့ မိန်းမပဲဆိုသည့် အထာတွေလည်း မကိုင်တတ်ခဲ့သော မိန့်ကို အပြစ်မမြင်အောင် ချစ်ခင်ခဲ့ရတာ အဲဒါလေးတွေပါ။

ခုတော့ အားလုံး လွဲခဲ့ရပြီ ...။

"သားကတော့ သူ့ကိုပဲ လက်ထပ်မှာ " လို့ လက်ဆွဲခေါ်လာခဲ့တဲ့ မိန်းကလေးကို မိန့်လို ချစ် နိုင်ဖို့ လွယ်မလား ...။

"အမေ ကြားရင် ကျွန်တော် ဖုန်းချလိုက်တော့မယ်နော်၊ မနက်ဖြန် လေဆိပ်မှာ ဝေဠုတို့ လာ ကြိုမှာ ပါ၊ အမေ့ကို အကြောင်းကြားတာ ဒါပဲနော် အမေ"

"သား ..."

ဒေါ်ခင်သန္တာ ကိုယ့်အသံတွေ တုန်ချင်နေတာကို သတိထားမိပြီး တံတွေးတစ်ချက် မျိုသည် ။ ပြီးမှ ...

"ခုပဲ သမီးမိန့် ပြန်သွားတာ ပေါ်တီကိုအောက်မှာ ပဲ ရှိသေးတယ်"

နားထောင်လိုက်တော့ ခမ်း အသံ လုံးဝတိတ်ကျသွားသည် ။

"မင်းတို့ မင်္ဂလာပွဲဓာတ်ပုံတွေကို ဝမ်းသာအားရ ကြည့်သွားတယ်လို့ မင်း ထင်လား ..."

ခမ်း အသံထွက်မလာခဲ့ပေ ...။

"ခမ်း ..."

"ပြော ... အမေ"

"မင်းတို့ အတွက် လက်ဖွဲ့ဖို့ ခြံနဲ့ တိုက်မှာ ..."

"အမေ ..."

"နေဖို့ ပြင်ဆင်ပေးထားတယ်၊ လေဆိပ်ပြန်တာနဲ့ အဲဒီကိုပဲ တန်း သွားလိုက်တော့"

ခမ်း အသံပျောက်နေတာကို နားစွင့်ကြည့်ပြီးမှ ...

"အလုပ်အတွက် လိုအပ်တာတွေ ကျန်နေသေးရင် မင်းပဲ လာယူ ..."

ဖုန်းချလိုက်ချိန်မှာ ကိုယ့်ကိုယ်ကိုယ် မျက်ရည်ဝေ့နေခဲ့မှန်းတောင် မသိခဲ့ ...။

အမေ့ကို မင်း နားလည်မှာ ပါ။

* * *